မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သစ္စာရှိတဲ့ တပ်မတော်

တပ်မတော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးမှာသန္ဓေတည်ပြီး ဖက်ဆစ်တော်လှန်ရေးမှာ မွေးဖွားလာခဲ့တယ်လို့ ဆိုနိုင်တယ်။ မျိုးချစ်စိတ်ရှိတဲ့ လူငယ်လူရွယ်တွေစုဝေးရာမို့လို့ မျိုးချစ်တပ်မတော်ဆိုတဲ့ အစဉ်အလာကောင်းနဲ့လည်း ညီညွတ်တယ်။ စစ်စည်းကမ်းကို အလေးထား စောင့်ထိန်းလာတာနဲ့အမျှ စည်းကမ်းကောင်းတဲ့ တပ်မတော်လည်း ဖြစ်လာတယ်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှာ ပြည်တွင်းသောင်းကျန်းမှုမီးကလည်း စတင်လောင်ကျွမ်းခဲ့တယ်။ တပ်မတော်ကိုလည်း အမျိုးမျိုးသွေးဆောင်စည်းရုံးခဲ့ကြပေမယ့် တပ်မတော်ဟာ နိုင်ငံတော်ရဲ့မျက်နှာတစ်ခုတည်းကိုပဲ ကြည့်ခဲ့တယ်။ ဒါကြောင့်လည်း တပ်မတော်ဟာ သစ္စာရှိတဲ့တပ်မတော်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ ပြည့်စုံခဲ့ရတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သံလွင်တံတား(တာပါး)တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိပြီး ၈၀ ရာခိုင်နှုန်းပြီးစီးနေသော သံမဏိကြိုးတံတားဖြစ် တံတားအရှည်ပေ ၆၀၀ ရှိပြီး ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန်လမ်းပေါ်၌တည်ရှိ

ရန်ကုန် မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့မှ ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)သို့ရောက်ရှိရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ဒေသခံတာဝန်ရှိသူများ၊ ဆောက်လုပ်ရေး အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ❐

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ သံလွင်တံတား(တာပါး)သံမဏိဆိုင်းကြိုး တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၁ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော် ဖြစ်ပေါ်လာရေး နိုင်ငံတော်၏ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် စက်မှုအခြေခံများကို နိုင်ငံတော်က ထူထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စက်မှုလုပ်ငန်းများကို ယင်းကဲ့သို့ ပြည်တွင်း၌ထူထောင်ပေးနေခြင်းသည် အနာဂတ်ကာလတွင် စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးအတွက် လမ်းခင်း ဖော်ဆောင်ပေးနေခြင်းလည်း ဖြစ်သည်။

မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်း-ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၈ရက်နေ့က အဆိုပါစက်ရုံ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် -

> **"နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍသည် ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်နေမည့် အလားအလာကောင်းများ ရှိနေသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကိုအခြေခံသည့် စက်မှုလုပ်ငန်းများသည်လည်း ပိုမိုဖွံ့စည်း ဖြစ်ပေါ်လာမည့် အလားအလာကောင်းများရှိနေကြောင်း ယခုပွင့်ဖြူစက်ရုံကြီးက သက်သေပြဆိုနေပြီ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံ၏ရေမြေသယံဇာတကို ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် ဆည်မြောင်းတာတမံစီမံကိန်းများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးခဲ့ရာ လယ်မြေဧကအမြောက်အမြားသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်သဖြင့် မိုးစပါး၊ နွေစပါး၊ အခြားသီးနှံနှင့် ဝါစိုက်ဧကများ ပိုမိုတိုးတက်လာပြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာသည်ကို တွေ့မြင်နေရသည်။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ လယ်ယာကဏ္ဍကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆက်လက်ထူထောင်သွားနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ လယ်ယာအခြေခံ စက်မှုလုပ်ငန်းဖြစ်သည့် ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ကို နိုင်ငံတော်က တည်ဆောက် ထူထောင်ဖွင့်လှစ်ပေးနိုင်ခြင်း ဖြစ်သည်။

မကြာမီနှစ်များအတွင်းတွင် ပုဂ္ဂလိက ကဏ္ဍများက ထူထောင်လျက်ရှိသည့် လယ်ယာကဏ္ဍကို အခြေခံသည့် စက်ရုံအငယ်စား၊ အလတ်စားများသည်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးမှုတို့နှင့်အတူ လိုက်လျောညီထွေစွာ ပေါ်ထွက်လာရန်ရှိပေသည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကအပိုင်းက တည်ဆောက်ရန် မလွယ်ကူသည့် အရင်းအနှီးပမာဏကြီးမားပြီး နည်းပညာမြင့်မားသည့် စက်ရုံ၊ အလုပ်ရုံများကို ဦးစားပေးထူထောင်ပေးလျက် ရှိသည်။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတန်ဖိုးပမာဏတွင် လယ်ယာကဏ္ဍပြီးလျှင် စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးအများဆုံးဖြစ်သည်။ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်းက အများစုဖြစ်ပြီး ၉၈ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ နိုင်ငံတော်အပိုင်းက ၁၃ဒသမ၅ရာခိုင်နှုန်းခန့်သာ ပါဝင်နေပေရာ ပုဂ္ဂလိက ကဏ္ဍကို အလေးထား အားပေးမြှင့်တင် ထူထောင်ပေးလျက်ရှိသည်။

အထူးသဖြင့် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းဖြစ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း၊ ကုန်ချောပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ ပြည်ပပို့ကုန်တင်ပို့နိုင်သည့် စက်မှုလုပ်ငန်းနှင့် လယ်ယာအခြေခံ အကြီးစားစက်မှုလုပ်ငန်းစသည့် နိုင်ငံအတွက် အရေးပါသည့် စက်မှုလုပ်ငန်းများကို တစ်ပြိုင်တည်း ထူထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုအခြေခံစီးပွားရေးလုပ်ငန်းများသာမက အခြားစီးပွားရေးလုပ်ငန်းများကိုပါ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ကြိုးပမ်းလုပ်ဆောင်ရေးသည် အဓိကကျပေသည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများက အသိစိတ်ဓာတ်နှင့်ယှဉ်၍ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်နှင့်အတူ အရှေ့နှင့်တောင်အာဖရိက ဘုံဈေးအဖွဲ့တို့ ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းတို့၌ ပူးပေါင်းမည်

လူဆာကာ မတ် ၁၉

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတွင် တရုတ်နိုင်ငံနှင့်အတူ တိုးမြှင့်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရှေ့နှင့်တောင်အာဖရိကဆိုင်ရာဘုံဈေးအဖွဲ့၏ အတွင်းရေးမှူးချုပ် အီရပ်စတုပ်စ်မွမ်ချာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

လာမည့်ဧပြီလတွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားသည့် ခရီးစဉ်နှင့်ပတ်သက်၍ ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

မိတ်ဆွေနိုင်ငံ

တရုတ်နိုင်ငံသည် အာဖရိက၏ ရင်းနှီးသောမိတ်ဆွေနိုင်ငံဖြစ်ကြောင်းလည်း မစ္စတာမွမ်ချာက ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံသည် အာဖရိကနှင့် နှစ်ကာလရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း၊ အာဖရိက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည့် ကာလအတွင်း အာဖရိကနှင့်အတူ တရုတ်နိုင်ငံက ရပ်တည်ခဲ့ကြောင်း ထပ်မံပြောကြားသည်။

အာဖရိကနိုင်ငံများနှင့်လည်း နီးနီးကပ်ကပ် ဆက်ဆံမှုများလည်း ရှိခဲ့ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့် စီးပွားရေး ပိုမိုလုပ်ဆောင်ရန် ကြိုးစားရခြင်းဖြစ်ကြောင်း မစ္စတာမွမ်ချာက ပြောကြားသည်။

ပူးပေါင်းမည်

တရုတ်နှင့်အတူ အရှေ့နှင့် တောင်အာဖရိကဘုံဈေးအဖွဲ့က အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ရေအားလျှပ်စစ်ကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကုလလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် ကင်ညာနိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဟု ကင်ညာဝန်ကြီးပြောဆို

နိုင်ရိုဘီ မတ် ၁၉

ကင်ညာနိုင်ငံသည် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်တစ်နေရာရရှိရေး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီး ချီရုအီလီ အမ်ဝပ်ခ်က ပြောကြားခဲ့သည်ကို မကြာသေးမီက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကြေညာချက် ထုတ်ပြန်လိုက်သည်။

ကင်ညာနိုင်ငံသည် အာဖရိက ယူနီယံက အာဖရိကနိုင်ငံများကို အမြဲတမ်းအဖွဲ့ဝင် နှစ်နေရာနှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နေရာငါးနေရာ ထောက်ခံချက်ပေးခဲ့လျှင် ကင်ညာနိုင်ငံက အမြဲတမ်းအဖွဲ့ဝင် တစ်နေရာ ရရှိရန် ယှဉ်ပြိုင်မည်ဟု ဆိုထားသည်။

ထောက်ခံသင့်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ယင်းပြုပြင်ပြောင်းလဲရေးတွင် ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးကောင်စီ ပြုပြင်ရာတွင် အာဖရိကကို ထောက်ခံသင့်ကြောင်း၊ အာဖရိကတိုက်သည် လူဦးရေများပြားသည့်တိုက်ဖြစ်၍ အမြဲတမ်းအဖွဲ့ဝင် နှစ်နေရာ ရသင့်ကြောင်း အမ်ဝပ်ခ်က ပြောကြားသည်။

လိုလား

အခြားအာဖရိက သုံးနိုင်ငံဖြစ် သည့် အီဂျစ်၊ နိုင်ဂျီးရီးယားနှင့် တောင်အာဖရိကတို့သည်လည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင် ဖြစ်လာစေရန် လိုလားလျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် ဂျပန် ဆက်ဆံရေး တိုးတက်ခဲ့

ပေကျင်း မတ် ၁၉

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန် တရုတ်နှင့် ဂျပန်နိုင်ငံတို့အနေဖြင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန် အလည်အပတ်ခရီးစဉ်များကို ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က တနင်္လာနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နှင့်ဂျပန် ဆက်ဆံရေးတိုးတက်စေရန်နှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရေးအပေါ်တွင် လေ့လာမှုနှင့် သုတေသနပြုမှုများ စတင်ဆောင်ရွက်ကြရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဌာနများကိုလည်း မစ္စတာဝမ်ကျားပေါင်က တိုက်တွန်းလိုက်သည်။

တရုတ်နှင့်ဂျပန် နှစ်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်ကစပြီး ဆက်ဆံရေး အကောင်းမွန်ဆုံး အနေအထားရှိခဲ့ကြောင်း၊ အပြန်အလှန်ဆက်ဆံရေးလည်း ဖြစ်ထွန်းခဲ့ကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုမှာလည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ထိ ရှိခဲ့ကြောင်း မစ္စတာဝမ်ကျားပေါင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက် အားဖြည့်တန်းများ တပ်ဆင်ပူဇော်ခြင်းအခမ်းအနား နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် မတ် ၂၀

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက်အားဖြည့်တန်းများ တပ်ဆင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပူဇော်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား ဖူးမြော်ကြည်ညိုပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် ဂီတစာဆို ဦးဂမုန်းတို့ ဦးဆောင်သော တေးသံရှင်များက ရန်ကုန်စိန်ကြည်သန်းနှင့် ရွှေတံဆိပ် ၁၅ဆုရှင်ဖိုးသက်ကြန် မင်္ဂလာဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာများဖြင့်ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရွှေတိဂုံစေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

သီလဆောက်တည်

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘဏ ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက်အားဖြည့်တန်း များ တပ်ဆင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သံမဏိ ဆိုင်းကြိုးထိန်း ဆုံလည်ချိတ်များကို အသစ်လဲလှယ်တပ်ဆင်ပူဇော်စဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်း၍ စေတီတော်တွင် တပ်ဆင်ပူဇော်မည့် ရွှေထီးတော်သံမဏိဆိုင်းကြိုးများ၊ ထီးထောက်အားဖြည့်တန်းများ၊ အထောက်အကူပြုဆက်စပ်ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ထီးတော်ဆိုင်းကြိုးများ၊ ထီးထောက်အားဖြည့်တန်းများ၊ အထောက်အကူပြုဆက်စပ်ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ပူဇော်

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ ရွှေတိဂုံစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက်အားဖြည့်တန်းများ လှည့်လည်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ သာသနာ့အလံကိုင်အဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ သြဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက်အားဖြည့်တန်းများကို ပင့်ဆောင်ကာ ဒေဝဝင်း၊ ရာဇာဝင်းများခြံရံလိုက်ပါလျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကြပြီး စေတီတော် အထက်ပစ္စယာသို့ ဆက်လက်ပင့်ဆောင်၍ လက်ယာရစ်နှစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရွှေတိဂုံစေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ တင်လှူပူဇော်ကြသည်။

ထိုအချိန်တွင် ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်သည်။

ဖွင့်လှစ်

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သံမဏိဆိုင်းကြိုးနှင့် ထီးထောက်အား ဖြည့်တန်းများတပ်ဆင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မင်္ဂလာအချိန်တွင် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ပန်းလည်တိုင်အထွတ်ရှိ ဆိုင်းကြိုးဆုံချက်နေရာ၌ သံမဏိဆိုင်းကြိုးအသစ်ကို လဲလှယ်တပ်ဆင်ပူဇော်ပေးကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ဆက်လက်၍ သံမဏိဆိုင်းကြိုးထိန်းဆုံလည်ချိတ်များကို အသစ်လဲလှယ်တပ်ဆင် ပူဇော်ပေးကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထို့နောက် ထီးထောက်အားဖြည့်ကွင်းများ၊ ထီးထောက်အားဖြည့်တန်းများကို တပ်ဆင်ပေးကြပြီး ရွှေထီးတော် ထီးထောက်များတွင် ဆည်းလည်းများကို ပြန်လည်ချိတ်ဆွဲပူဇော်ပေးကြကာ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က **'ဘဝတုသဗ္ဗမင်္ဂလံ'**နှင့် **'ဇယန္တော ဗောဓိယာမူလေ'** အစချီသော အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ပေးသည်။

ဆက်လက်၍ သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များ၊ ရွှေမျက်ပါး သင်္ကန်းတော်များကို ကပ်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးကြသည်။

ယင်းနောက် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူဇော်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးပြီး မင်္ဂလာစည်တော်အဖွဲ့က ရွှေဘုန်းတော်တိုးပါလို့နှင့် အောင်စေပိုင်စေ ဓမ္မတေးတို့ဖြင့် ပူဇော်ပေးကြသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခြင်းခံရသည့် စစ်ကိုင်းတိုင်းမှ ဆရာတော်များဖြစ်တော်မူကြသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရွှေဘိုမြို့ လောကမာန်အောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအရှင်သူမြတ်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မအူပင်မြို့ ဓမ္မသိပ္ပံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမသာမိအရှင်သူမြတ်၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ငါးထပ်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုံရွာမြို့နှင့် ကလေးမြို့ မဟာသန္တာရုံပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်အဂ္ဂမဟာအကျော်ဘဒ္ဒန္တပညာနန္ဒာဘိဝံသအရှင် သူမြတ်လေးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်မြို့နေ တပည့်ဒါယကာ၊ဒါယိကာမများစုပေါင်း၍ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက်၌ မတ်၂၆ရက်(စနေနေ့)နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုလှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဒေါက်တာလှဖေ ဖုန်း–၀၉၉၉–၂၁၈၁၄၊ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) ဖုန်း–၀၉–၅၁၁၇၆၆၀၊ ၀၁–၅၀၀၂၁၆၊ ဦးကျော်ဝင်းစိန် ဖုန်း–၀၁–၅၇၃၄၁၁၊ လိုင်းခွဲ–၂၁၃၊ ဦးဗိုလ်ဝင်း ဖုန်း–၀၅၂–၂၄၃၃၉၊ ၀၉–၅၁၂၃၈၀၁နှင့် ဦးဆန်းဝင်း ဖုန်း–၀၉–၅၀၀၆၆၀၁ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၀ရက်က လေးဆူဓာတ်ပုံ ရွှေ တိ ဂုံ စေ တီ တော် မြတ် ကြီး၏ ရွှေထီးတော် သံမဏိဆိုင်းကြိုးနှင့် ထီးထောက် အားဖြည့်တန်းများ တပ်ဆင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်း–၃)

(သတင်းစဉ်)

အမျိုးသားညီလာခံနားရက် ကိုယ်စားလှယ်များဘုရားများဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်းများ၌ ဝတ်ပြုဆုတောင်း

ရန်ကုန် မတ် ၂၀

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုပြီး ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော်ကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ဆုတောင်းပြည့် ရွှေမော်ဓောစေတီ တော်မြတ်ကြီးသို့ ရောက်ရှိကြရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးသာထွန်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြသည်။

ပေးဝေလှူဒါန်း

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ဘေသဇ္ဇ မုဒြာလာဘမုနိ ဓမ္မဝတ်ရည်(၆)ဓမ္မာရုံတော်ကြီး၌ စေတီတော် အလှည့်ကျဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသက်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စေတီတော်၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ ဓမ္မဒါနအဖြစ် သမိုင်းအကျဉ်း လက်ကမ်းစာစောင်ကို ပေးဝေလှူဒါန်းသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စေတီတော်အား ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းရန်အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၆၆၈၂၀ ကို စေတီတော်အလှည့်ကျဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထွန်းညှိပူဇော်

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်၍ ဆီမီး၊ နံ့သာတိုင်များဖြင့် ထွန်းညှိပူဇော်ကြသည်။

ယခုကဲ့သို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ပဲခူးမြို့ရှိဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်စဉ်တွင် ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေး ဒါနပြုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ပြတိုက်ရှင်းလင်းဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ လက်ထောက်ပြတိုက်မှူး ဒေါ်ယဉ်ယဉ်မွန်က ကမ္ဘောဇသာဒီရွှေနန်းတော်၏ သမိုင်းအကျဉ်းနှင့် နန်းတော်အတွင်းရှိ အဆောင်များဖွဲ့စည်းပါဝင်မှု အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရှေးဟောင်းသုတေသနပြတိုက်၊ဘမရာသန ပလ္လင်တော်ဆောင်နှင့် ကမ္ဘောဇသာဒီရွှေနန်းတော်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ပဲခူးမြို့မှ ဆက်လက်ထွက်ခွာလာရာ နံနက်ပိုင်းတွင် ညောင်နှစ်ပင်စခန်းသို့ ပြန်လည်ရောက်ရှိကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံနားရက်၌ ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော်ကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်နှင့် လားဟူနှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်းများသို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ကြသည်။

(သတင်းစဉ်)

မဏ္ဍိုမဂုဏ်ရည်ဆရာတော်ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၂၀

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဏ္ဍိုမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယကဆရာတော် သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်မြတ်သည် မတ် ၂၃ရက် ည ၇နာရီတွင် ညောင်တုန်း မယ်စိန်စုရွာ ဗုဒ္ဓပူဇနီယပွဲတော် ဓမ္မသဘင်၊ ၂၄ရက် ည ၇နာရီတွင် သာယာဝတီမြို့ လောကနန္ဒာစေတီတော် ထီးတော်တင်ပူဇော်ပွဲ ဓမ္မသဘင်၊ ၂၅ရက် ည ၇နာရီတွင် ကျောက်တန်းမြို့ ဝေဠုဝန်ကျောင်း ဓမ္မသဘင်၊ ၂၆ရက် ည ၇နာရီတွင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း ရွှေစေတီပူဇော်ပွဲ ဓမ္မသဘင်၊ ၂၇ရက် ည ၇ နာရီတွင် သုံးခွမြို့ ဝဲပုံကျောင်းတိုက် ဆုတောင်းပြည့် လာဘမုနိမြို့ဦးစေတီ ဗုဒ္ဓပူဇနီယပွဲ ဓမ္မသဘင်၊ ၂၈ရက် ည ၈နာရီတွင် ရွှေပြည်သာ မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၊ ၂၉ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၁)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ ဓမ္မသဘင်၊ ၃၀ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံ ဓမ္မသဘင်၊ ၃၁ရက်ည ၈နာရီတွင် သာကေတ စက်မှုဇုန် ညောင်ဦးကျောင်းတိုက် ကျောင်းလွှတ် ပူဇာ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည််။ **(က–ပ)**

ပအိုဝ်းဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ပအိုဝ်းဆရာတော်ကြီးများ ပူဇော်ပွဲကို မတ် ၂၄ ရက်(တပေါင်းလပြည့်နေ့)တွင် ဗဟန်းမြို့နယ် အမှတ် ၃၈ ဗဟန်းသလမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပအိုဝ်းဒါယကာ ဒါယိကာမများ ကြွရောက်ကြည်ညို ပူဇော်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က–ပ)

အတိတ်၏ဆိုးမွေအဖြစ် ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါးပြဿနာ ရေရှည်တွင် ထိထိရောက်ရောက်လျော့နည်းပပျောက်သွားမည်မှာသေချာ

✻ *ကျော့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံ သံရုံးကောင်စစ်ဝန်များ၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ဆက်ဆံရေးအရာရှိ၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီမှ တာဝန်ရှိသူ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် WHO နှင့် UNODC တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဗဟိုအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အဖွဲ့ဝင်များ၊ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖမ်းဆီး ရမိ မူးယစ် ဆေးဝါးများ၊ ဓာတုဗေဒ ပစ္စည်း များ နှင့် ဘိန်းမျိုးစေ့များ ပဥ္စမ အကြိမ် မီးရှို့ ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်း ပြည်နယ်(မြောက် ပိုင်း) အတွင်းရှိ ဒေသခံ တိုင်းရင်း သားခေါင်းဆောင် များအား တွေ့ရစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်နန်းစံတွမ်ခမ်း၊ လားရှိုးဒီဂရီကောလိပ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဒေါ်မြင့်မြင့်သန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ်စိန်မမတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်နေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသည့် ပြဿနာဖြစ်ပါကြောင်း။

အချို့နိုင်ငံများ၌ မူးယစ်ဆေးဝါးအပင်များကို စိုက်ပျိုးထုတ်လုပ်ရာမှ ဆက်စပ်ပေါ်ပေါက်လာသည့်ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေရပြီး အချို့နိုင်ငံများ၌ ဓာတုပစ္စည်းများကတစ်ဆင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများထုတ်လုပ်ရာမှ ဆက်စပ်ပေါ်ပေါက်လာသည့် ပြဿနာများကို ရင်ဆိုင်နေကြရကြောင်း၊ အချို့နိုင်ငံများ၌ မူးယစ်ဆေးဝါးအပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလည်းမရှိ၊ ဓာတုပစ္စည်းများကတစ်ဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းလည်း မရှိသော်လည်း ဤမူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများကို လက်ခံသုံးစွဲနေသည့် ပြဿနာများကိုဖြစ်စေ၊ သယ်ဆောင်ရောင်းဝယ်ရာ၌ ကြားခံဒေသအဖြစ် သုံးစွဲခံနေရသည့် ပြဿနာများကိုဖြစ်စေ အနည်းနှင့်အများ ရင်ဆိုင်ကြုံတွေ့နေရသည်ကို လေ့လာတွေ့ရှိရကြောင်း၊ အထူးသဖြင့်မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာသည် နိုင်ငံတိုင်းလိုလို ရင်ဆိုင်နေရသည့် လူမှုရေးပြဿနာကြီးပင် ဖြစ်ကြောင်း။

အင်တိုက်အားတိုက်ဖြေရှင်းခဲ့

မူးယစ်ဆေးဝါး ပြဿနာကို ရင်ဆိုင် ဖြေရှင်းနေရသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လျက်ရှိကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် တရားမဝင် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ် သုံးစွဲမှု ပြဿနာကို အင်တိုက်အားတိုက် ဖြေရှင်းခဲ့ရာ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သော်လည်း ၁၉၉၆ ခုနှစ်နောက်ပိုင်းရောက်လာသောအခါ စိတ်ကြွ ရူးသွပ်ဆေးပြား (Methamphatamine)

စာမျက်နှာ ၆ ကော်လံ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်များ၊ ဩစတြေးလျနိုင်ငံ ရဲတပ်ဖွဲ့ဆက်ဆံရေးအရာရှိ၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် WHO နှင့် UNODC တို့မှ ပုဂ္ဂိုလ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ထုတ်လုပ်မှုပြဿနာများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရကြောင်း။

ဤမူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာပေါ်မှာရှိသည့် နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ ပြည်တွင်းဥပဒေများဖြင့် တားဆီးကာကွယ်တိုက်ဖျက်နေကြသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံများက ဆုံးဖြတ်အတည်ပြုထားသည့် ကွန်ဗင်းရှင်းများဖြစ်သော ၁၉၆၁ ခုနှစ် တစ်ခုတည်းသော မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ယင်းကွန်ဗင်းရှင်းအား ပြင်ဆင်သည့် ၁၉၇၂ ခုနှစ် အခြေပြစာချုပ်၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၈၈ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းများကို ပါဝင် လက်မှတ်ရေးထိုးထားကြပြီး မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကို နိုင်ငံတိုင်းက ပူးပေါင်း ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) ၏ အောက်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ (INCB) နှင့် မူးယစ်ဆေးဝါးကော်မရှင် (CND) တို့ကလည်း တွန်းအားပေးလျက်ရှိကြကြောင်း။

၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဖြစ်ပေါ်ရေး မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်အစီအစဉ်များ ချမှတ်ဦးတည်ဖော်ဆောင်နေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဉ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ သံတမန်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဧည့်သည်တော်များ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များနှင့် ဆက်စပ်ပစ္စည်းများကို စမ်းသပ်စစ်ဆေးကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)မှ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းက မိမိတို့ဒေသ၌ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ပြီဖြစ်သည့်အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တာမိုးညဲဒေသ တိုင်းရင်းသား ခေါင်းဆောင် ဦးမြင့်လွင်က မိမိတို့ဒေသ၌ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ပြီဖြစ်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက် ပိုင်း) အထူး ဒေသ(၅)မှ ကချင်တိုင်း ရင်း သား ခေါင်း ဆောင် ဦးဇော်ယွန်က မိမိတို့ဒေသ၌ ဘိန်းစိုက်ပျိုးမှု လုံးဝ ပပျောက်ပြီ ဖြစ်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တက်တက်ကြွကြွဆောင်ရွက်

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့ နိုင်ငံတကာနှင့်သက်ဆိုင်သည့် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများအားလုံးကို ပါဝင် လက်မှတ်ရေးထိုးပြီး ဤကွန်ဗင်းရှင်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ တရား မဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းခြင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများချက်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်း ၂၅ မျိုးကိုလည်း ထိန်းချုပ်ထားပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေကို ထုတ်ပြန်ကာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုပါ တက်တက်ကြွကြွဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့အပြင် မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတော်၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် ခိုင်မာမြင့်မြတ်သည့် လူမှုရေးစံနှုန်းများကို ထိခိုက်နစ်နာစေသည့်အပြင် မိမိတို့ နိုင်ငံသားများကိုသာမက ကမ္ဘာ့လူသားအားလုံးကိုပါ ခြိမ်းခြောက် အန္တရာယ်ပြုနေသည်ဟု ခံယူထားပြီးဖြစ်ကြောင်း။

ရှေးမြန်မာမင်းများ လက်ထက်မှစပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်မူ တိုင်းရင်းသား ညီအစ်ကိုများအကြား အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများ ရရှိလာပြီး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုရှိသည့် နိုင်ငံရေးစနစ်သည် နယ်စပ်ဒေသများအထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့လွှမ်းခြုံလာပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးကို အလေးပေး ဖြည့်ဆည်းနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိလာခဲ့ ကြောင်း၊ ထို့ကြောင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုးတည်းကို ကြိုးပမ်းလုပ်ကိုင်ရာမှ ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို ပြေလည်စေရေးအတွက် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ အလေးထား လုပ်ကိုင်ပေးလာနိုင်ကြောင်း၊ ဤကဲ့သို့ ဖိဖိစီးစီး အလေးထား လုပ်ကိုင်နေရေးအတွက်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့မှလည်း အတိတ်၏ဆိုးမွေအဖြစ် ကျန်ရှိခဲ့သည့် မူးယစ်ဆေးဝါးပြဿနာသည် ရေရှည်တွင် ထိထိရောက်ရောက် လျော့နည်းပပျောက်သွားမှာ သေချာကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ချုပ်ငြိမ်းရေးအတွက် လိုအပ်သည့် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းနာနိဿယများကို ချမှတ်ပေးခဲ့ကြောင်း။

ဘက်ပေါင်းစုံမှတိုက်ဖျက်

မဟာဗျူဟာများမှာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ပြီး ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်း ပပျောက်ရေးပင်ဖြစ်ကြောင်း။

ဤမဟာဗျူဟာများကို ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး စသည့် နည်းဗျူဟာများနှင့် ဟန်ချက်ညီညီ ကျင့်သုံး အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ချမှတ်ထားသည့် မဟာဗျူဟာနှင့် နည်းဗျူဟာများနှင့်အညီ လုပ်ငန်းများကို စီမံချက်ရှိရှိ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း (Plan of Action) အဖြစ် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ (၅) နှစ် စီမံကိန်း သုံးကြိမ်ခွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ ယခုဆိုလျှင် ပထမ(၅)နှစ်စီမံကိန်းပြီးဆုံး၍ ဒုတိယ(၅)နှစ်စီမံကိန်းကာလအတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ စီမံကိန်းကာလအလိုက် ရည်မှန်းချက်များကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သုံးသပ်ရရှိကြောင်း။

နှစ်စဉ်လျော့နည်းကျဆင်း

မြန်မာနိုင်ငံ၏ တရားမဝင် ဘိန်းစိုက်ပျိုးမှုအခြေအနေကို အမှန်တကယ်သိရှိနိုင်ရန်အတွက် မြန်မာ-အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းကို ၁၉၉၃ ခုနှစ်ကစတင်ပြီး ၂၀၀၄ ခုနှစ်အထိ (၁၀)ကြိမ်တိတိ ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ တိုင်းတာချက်များအရ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၃ ခုနှစ်ကထက် ၃၄ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၂၀၀၄ ခုနှစ် ဘိန်းထုတ်လုပ်မှုမှာ ၂၀၀၃ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ လွန်ခဲ့သောရှစ်နှစ်က ဘိန်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၈၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းကို အမေရိကန်နိုင်ငံအစိုးရ၏ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး မဟာဗျူဟာ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ အလားတူ မြန်မာနိုင်ငံသည် UNODC နှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်စဉ် ဆောင်ရွက်ခဲ့ရာ၌ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေသည် နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုဧရိယာ၂၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းနှင့် ဘိန်းထုတ်လုပ်မှုမှာ ၅၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း UNODC ၏ အစီရင်ခံစာအရ ဖော်ပြထားကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာစွာ ထင်ရှားလျော့ကျအောင် ဆောင်ရွက်နိုင်ခြင်းသည် တားဆီးနှိမ်နင်းရေး လုပ်ငန်းအပြင် ထုတ်လုပ်မှုပပျောက်ရေးအတွက် အခြေခံလိုအပ်သည့် ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ဆောင်ရွက်ခဲ့၍ပင်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသား စာမျက်နှာ ၇ ကော်လံ ၁

21-3 (06).p65 1 3/26/05, 8:37 PM

ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးပြဿနာ ကိုင်တွယ်ဖြေရှင်းရာ၌ အရင်းခံကျသည့်အကြောင်းတရားများ မှန်မှန်ကန်ကန်ဖော်ထုတ်သုံးသပ်

စာမျက်နှာ ၆ မှ

ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြ၍ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအထူးစီမံကိန်း အစီအစဉ်အရ ဝေးလံခေါင်သီသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ သုံးစွဲခဲ့သည့် ငွေပမာဏသည် ယနေ့အချိန်အထိ ကျပ် ၆၀ ဘီလီယံကျော် ရှိပြီဖြစ်ကြောင်း၊ ဤသုံးစွဲခဲ့သည့် ငွေပမာဏထဲမှ ၈၀ ရာခိုင်နှုန်းနီးပါးခန့်ကို ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဆက်စပ်နေသည့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တစ်ချိန်တစ်ခါက နယ်စပ်ဒေသများ၏ အခြေအနေနှင့် လက်ရှိနယ်စပ်ဒေသများ၏ အခြေအနေသည် သိသိသာသာ တိုးတက်ပြောင်းလဲလာနေခြင်းပင်ဖြစ်ကြောင်း။

ကိုယ်ပိုင်အင်အားကိုအခြေပြု

မူးယစ်ဆေးဝါး ပပျောက်ရေးလှုပ်ရှားမှုအရှိန်အဟုန်ကို ယခုကဲ့သို့ မြှင့်တင်ပြီး ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသသည် ၁၉၉၇ ခုနှစ် ဧပြီလ၌ ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့သလို ကိုးကန့်ဒေသသည်လည်း ၂၀၀၃ခုနှစ်မှစပြီး ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းခဲ့ကြောင်း၊ အလားတူ အခြားတိုင်းရင်းသားနယ်မြေများကလည်း မိမိတို့၏ နယ်မြေဒေသများကို ဘိန်းကင်းမဲ့ဇုန်၊ ဘိန်းကင်းမဲ့ဒေသများဖြစ်လာစေရန် ပြင်းပြင်းထန်ထန် ကြိုးစားနေကြခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အရင်းအနှီးနှင့် ကိုယ်ပိုင်အင်အားကို အဓိကအခြေပြုလှုပ်ရှားရခြင်းသည် ရေရှည်အတွက် အခြေခိုင်မာမှုရှိသော်လည်း ခေတ်အဆက်ဆက် ဆင်းရဲနွမ်းပါးခဲ့ရသည့် တိုင်းရင်းသားများကိုယ်တိုင် ပြင်းပြင်းထန်ထန် ပင်ပင်ပန်းပန်း အားထုတ်လုပ်ကိုင်ကြရခြင်း ဖြစ်ကြောင်း၊ အကယ်၍ နိုင်ငံတကာ၏ နားလည်စာနာမှုနှင့် ပူးပေါင်းအထောက်အကူပြုမှုများကို ထိုက်ထိုက်တန်တန် ရရှိမည်ဆိုလျှင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ယခုထက်ပိုမိုသွက်လက်၊ ပိုမိုအဆင်ပြေစွာ တိုးတက်အောင်မြင်မှာဖြစ်ကြောင်း။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၈ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ အကြိမ်(၂၀) မြောက် အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြစ်သည့် ၂၀၀၈ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတိုင်းက ဦးတည် ဆောင်ရွက်ကြရန်ဆိုသည့် အချက်ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံ ဖြစ်ပေါ်ရေးဆိုသည့် အာဆီယံအသင်းကြီး၏ ဦးတည်ချက်ကိုလည်းကောင်း အလေးထားပြီး မိမိနိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီညွတ်စွာ ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် မြန်မာနိုင်ငံဖြစ်ပေါ်ရေးကို ကိုယ်ပိုင်အစီအစဉ်၊ ကိုယ်ပိုင် အစီအမံများ ချမှတ်ပြီး ဦးတည်လှုပ်ရှား အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်စွာလျှော့ချနိုင်သည့် အချိန်မှာပင် ယခင်က မကြုံဖူး၊ မရှိဖူးသည့် စိတ်ကြွရူးသွပ်ဆေးပြား အန္တရာယ်သည် ၁၉၉၆ ခုနှစ်ကစပြီး ခြိမ်းခြောက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ဤစိတ်ကြွဆေး ထုတ်လုပ်ရာ၌ အသုံးပြုသည့် အဓိက ဓာတုပစ္စည်းဖြစ်သော အက်ဖီဒရင်း (Ephedrine) သည် မြန်မာနိုင်ငံ၌ ထုတ်လုပ်နိုင်ခြင်းမရှိသကဲ့သို့ ဘိန်းဖြူနှင့် စိတ်ကြွဆေး ထုတ်လုပ်ရာတွင် အသုံးပြုသည့် အခြားဓာတုပစ္စည်းများသည်လည်း မြန်မာနိုင်ငံ၌ ထုတ်လုပ်နိုင်စွမ်းမရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ သို့ရာတွင် မူးယစ်ဆေးဝါး

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဉ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် ဖမ်းဆီးရမိသည့် ဘိန်းမျိုးစေ့များ၊ ဘိန်းဖြူများ၊ ဘိန်းစိမ်းများ၊ ဘိန်းညိုများ၊ ဘိန်းဆီခဲများ၊ ဘိန်းရည်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အက်ဖီဒရင်း၊ ဓာတုဗေဒဆေးရည်များ၊ ဓာတုဗေဒဆေးများနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။ (သတင်းစဉ်)

မှောင်ခိုထုတ်လုပ်ရောင်းဝယ်သူများက အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ်ကို ဖြတ်ကျော်သယ်ယူပြီး ဘိန်းဖြူနှင့်စိတ်ကြွဆေးများကို ပြည်ပဈေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူးနေကြောင်း မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်ခံနေရခြင်းများ ကြုံတွေ့လာရခြင်းဖြစ်ကြောင်း။

ပူးပေါင်းထိန်းချုပ်ရေးတိုးမြှင့်

မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသည့် ဆေးဝါးများ ထုတ်လုပ်ရာတွင် ဓာတုပစ္စည်းများ မရှိလျှင် ထုတ်လုပ်နိုင်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကို အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း စသည့် နိုင်ငံများနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေကြောင်း၊၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလက မြန်မာ-အိန္ဒိယ-တရုတ် သုံးနိုင်ငံဓာတုပစ္စည်းများ ထိန်းချုပ်ရေးအစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေး၌ နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင် ဓာတုပစ္စည်းသယ်ယူမှုများ ပူးပေါင်းထိန်းချုပ်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း၊ ထို့အပြင် ဓာတု ပစ္စည်းထိန်းချုပ်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည့်အတွက် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ပါဝင်သော ငါးနိုင်ငံ ဝန်ကြီးအဆင့် ဓာတုပစ္စည်းထိန်းချုပ်ရေးအစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းရိုင်းမြို့၌ ၂၀၀၃ ခုနှစ် ဇူလိုင်လက ကျင်းပနိုင်ခဲ့ကြောင်း၊ ဤအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များနှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့်အတွက် ၂၀၀၄ ခုနှစ်တွင် ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရကြောင်း။

အလားတူ မြန်မာ၊ တရုတ်၊ UNODC တို့၏ နယ်စပ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံကိန်းအရ နယ်စပ်ဆက်ဆံရေးရုံး (Border Liaision Office) များဖွင့်လှစ်ပြီး သတင်းဖလှယ်ခြင်း၊ နယ်စပ်အစည်းအဝေးများ ကျင်းပခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို တရားခံလွှဲပြောင်းပေးခြင်း (၁၄) ကြိမ်တွင် တရုတ်နိုင်ငံက အလိုရှိနေသည့် မူးယစ်ဆေးဝါးတရားခံ ၃၆ဦးကို မြန်မာနိုင်ငံက လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသတစ်လျှောက်၌လည်း တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့များတွင် နယ်စပ်ဆက်ဆံရေးရုံး (BLO) များ ဖွင့်လှစ်ပြီး ထိုင်းနိုင်ငံနှင့် သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုအရ တရားခံ လွှဲပြောင်းပေးခြင်း သုံးကြိမ်တွင် ထိုင်းနိုင်ငံသား မူးယစ်ဆေးဝါးတရားခံ သုံးဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အမေရိကန်နိုင်ငံ၏ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာ အစီရင်ခံစာတွင် အသိအမှတ်ပြုဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

ရှေ့ပြေးစီမံကိန်းများချမှတ်

တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းကိုလည်း မြန်မာနိုင်ငံသည် ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဥပမာ မူးယစ်ဆေးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လူငယ်များပြုစုရေးစခန်း နှစ်ခုကို ပြည်မြို့အနီး ရွှေပြည်သာစခန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ်ရှိ ရွှေပြည်အေးစခန်းများ၌ ဖွင့်လှစ်ထူထောင်ပြီးဖြစ်ကြောင်း၊ နောက်ထပ်အလားတူ ရွှေပြည်သစ်စခန်းတစ်ခုကိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမကျေးရွာအနီး၌ တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ထို့အပြင် မူးယစ်ဗဟိုအဖွဲ့သည် UNODC/ဩစတြေးလျအစိုးရ နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အေဂျင်စီ (Aus AID) နှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသုံးစွဲသူနှင့် အကြောတွင်းထိုးသွင်းသူများအတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV)နှင့်အခြားရောဂါများပြန့်ပွားမှု ကာကွယ်ရေးလျှော့ချရေးစီမံကိန်းများကို ရှေ့ပြေးစီမံကိန်းများ ချမှတ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ ၁၉၉၀ ပြည့်နှစ်ကစပြီး မီးရှို့ဖျက်ဆီးခဲ့ရာ ၂၀၀၄ ခုနှစ်ထိ (၁၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ (၁၈)ကြိမ်ထိ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄၄၅၂ သန်းကျော်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို ရန်ကုန်မြို့တွင်သာမကဘဲ လားရှိုးမြို့အပါအဝင် နယ်စပ်ဒေသနှင့် အခြားမြို့များ၌လည်း ၁၉၉၁ ခုနှစ်ကစပြီး မီးရှို့ဖျက်ဆီးခဲ့ရာ (၃၃) ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခုမီးရှို့ဖျက်ဆီးခြင်းအခမ်းအနားမတိုင်မီ ၂၀၀၅ ခုနှစ် မတ် ၆ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ‘ဝ’နယ်မြေ၌ ‘ဝ’ တိုင်းရင်းသားများက ၎င်းတို့၏အစီအစဉ်ဖြင့် မူးယစ်ဆေးဝါးများ၊ ဘိန်းခင်းများကို ဖျက်ဆီးသည့်အခမ်းအနားတစ်ရပ်ကျင်းပပြီးခဲ့ကြောင်း။

ထို့အပြင် ၁၅ နှစ်စီမံကိန်းကို အထောက်အကူပြုစေရေးအတွက် ၂၀၀၂ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့သည့် ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်တောင်သူများက မိမိတို့အသိစိတ်ဖြင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များထံ ဘိန်းမျိုးစေ့နှင့်ဘိန်းသီးခြောက်များ လာရောက်အပ်နှံခဲ့ကြကြောင်း၊ ၂၀၀၃ ခုနှစ်နှင့်၂၀၀၄ခုနှစ်တွင် အပ်နှံသည့် ဘိန်းမျိုးစေ့နှင့်ဘိန်းသီးခြောက် စုစုပေါင်းကီလို ၁ ဒသမ ၆ သန်းကျော်ကို တိုင်းနှင့်ပြည်နယ် အသီးသီး၌ (၁၁) ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ဤကဲ့သို့ ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ခြင်းသည် ဤဘိန်းမျိုးစေ့များ စိုက်ပျိုးမှုကရရှိလာမည့် ဘိန်း ၄၄၁ တန်ကျော်ကို တားဆီးရာရောက်သည့်အတွက်အလွန်ထိရောက်သော ဆောင်ရွက်ချက်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အားလုံးနဲ့သက်ဆိုင်တဲ့လုပ်ငန်းဖြစ်

မိမိတို့မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်များကို ခြုံငုံပြီး သုံးသပ်ရမည်ဆိုလျှင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေးဆိုသည့်နည်းဗျူဟာများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ၁၉၉၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့်(၅၁) နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် **“မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းဖြစ်လို့ ကြီးမားကျယ်ပြန့်ပြီး ခက်ခဲနက်နဲတဲ့လုပ်ငန်းလဲဖြစ်တယ်။ ဒီလုပ်ငန်းမှာ စေတနာသန့်သန့်နဲ့ပါဝင်ကူညီကြမယ်ဆိုရင် ဒို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံမယ်၊ အကယ်၍ မကူညီချင်ဘူးဆိုရင်လဲ ဒို့အနေနဲ့ကတော့ ကမ္ဘာ့လူသားများကို ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အစွမ်းရှိသမျှ မဖြစ်ဖြစ်အောင် လုပ်သွားမှာပဲဖြစ်တယ်”** ဆိုပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး မဖြစ်မနေ ဆောင်ရွက်မည့် ဆုံးဖြတ်ချက်ကို မိန့်ကြားခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့မြန်မာနိုင်ငံသည် မိမိအမျိုးသားအကျိုးစီးပွား၊ ကမ္ဘာ့လူသားမျိုးနွယ်စုအားလုံး၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်သည့်နေရာ၌ တာဝန်သိသိ၊ မတွန့်မဆုတ် အကောင်အထည်ဖော်သည့် အစဉ်အလာကောင်းရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ဤကဲ့သို့ ဆောင်ရွက်သည့်နေရာ၌လည်း ပြည်ပမှ အထောက်အကူရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မည်သို့ ဆန့်ကျင်ဝေဖန်စွပ်စွဲနေသည်ဖြစ်စေ ရည်မှန်းချက်အောင်မြင်အောင် ဦးလည်မသုန် ဆောင်ရွက်လေ့ရှိသည့် အစဉ်အလာကောင်းလည်းရှိကြောင်း၊ ဤအစဉ်အလာကောင်းများကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွင်အောင်မြင်မှုရရှိနေခြင်းဖြစ်ကြောင်း၊ နောင်အခါတွင်လည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲပူးပေါင်းပြီး ပိုမိုအောင်မြင်မှုများ ရရှိအောင် ဆက်လက်ကြိုးစားသွားမှာဖြစ်ကြောင်း၊ ယနေ့ လားရှိုးမြို့၌ ကျင်းပသည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်အားလုံးကို အထူး ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ အရင်းခံကျသည့် အကြောင်းတရားများကို မှန်မှန်ကန်ကန် ဖော်ထုတ်သုံးသပ်ရန် အရေးကြီးသကဲ့သို့ ကမ္ဘာ့မိသားစုဝင်နိုင်ငံတိုင်းနှင့် လူမျိုးတိုင်းက ဖြူစင်မွန်မြတ်သည့် စေတနာဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် မိမိတို့ရှမ်းပြည်နယ် (မြောက်ပိုင်း)အနေဖြင့်သာမက မြန်မာနိုင်ငံအနေဖြင့်ပါ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဆိုခြင်းကို ထပ်မံလက်တွေ့ဆောင်ရွက်ပြသနိုင်ခြင်းပင် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၂၀၀၂ ခုနှစ်တွင် သုံးကြိမ်၊ ၂၀၀၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ယခုအကြိမ်အပါအဝင် ငါးကြိမ်တိုင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

အတိအလင်းအသိပေး

မူးယစ်ဆေးဝါး ပပျောက်ရေး ရည်မှန်းချက် အောင်မြင် ပြည့်မြောက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် မူးယစ်ဆေးဝါး

စာမျက်နှာ ၈ ကော်လံ ၁

၂၁-၃-၂၀၀၅

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ရှားမှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ခဲ့သည့်အတွက်

မိုင်းလားဒေသကို ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ပြီး ကိုးကန့်ဒေသ၌ ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းခဲ့

စာမျက်နှာ ၇ မှ

ပပျောက်ရေး၁၅နှစ်စီမံကိန်းဖြင့်လည်းကောင်း၊ မူးယစ်ဇဟို၏ဘိန်းစိုက်ပျိုးမှုတားဆီးရေးစီမံချက်ဖြစ်သည့် ပန်းတိုင်သစ်စီမံကိန်းဖြင့်လည်းကောင်း၊ မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားညီအစ်ကိုများနှင့် ဒေသခံ ပြည်သူများ၏အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် လည်းကောင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုများကြောင့် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရေးဆီသို့ထိထိရောက်ရောက် ဦးတည်အကောင် အထည်ဖော် လုပ်ဆောင်လာနိုင်နေပြီဖြစ်ကြောင်း အတိအလင်းအသိပေးပြောကြားလိုကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်းတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အားကြိုးမာန်တက်ယခုကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သံလွင်မြစ်အနောက်ဘက်ကမ်းဒေသ၌ ဘိန်းစိုက်ပျိုးမှု(လုံးဝ)ပပျောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သံလွင်မြစ်အရှေ့ခြမ်းနယ်မြေရှိ ကိုးကန့်ဒေသနယ်မြေများအပါအဝင်ဒေသများ၌ ဘိန်းစိုက်ပျိုးမှုလုံးဝပပျောက်သွားပြီဖြစ်ကြောင်းကို အာမခံတင်ပြလိုကြောင်း၊ လက်လှမ်းအနည်းငယ် ဝေးလံနေသေးသော သံလွင်မြစ်အရှေ့ဘက်ခြမ်း အချို့နယ်မြေတွင်သာ အနည်းငယ်ကျန်ရှိနေမှုကို စည်းရုံးလှုပ်ရှားဆောင်ရွက်သွားမှာဖြစ်ပြီး မကြာမီကာလအတွင်းမှာ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရန် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သံလွင်မြစ်အရှေ့ဘက်ကမ်း ‘ဝ’ဒေသ တိုင်းရင်းသားခေါင်းဆောင်များကလည်း ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရန် ကတိပေးကြိုးပမ်း ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုလုံးဝကင်းစင်ပပျောက်သည့်နယ်မြေအဖြစ် အခိုင်အမာကြေညာနိုင်သည်အထိ စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကတိပြုစကား ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းပြောကြားရာ၌ ၂၀၀၂ခုနှစ်က စပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မူးယစ်ဆေးဝါးများကို အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယခုအကြိမ်နှင့်ပါဆိုလျှင် ပဉ္စမအကြိမ်မြောက်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် အခြားမြို့များ၌လည်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုဗေဒပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၃)ကြိမ်၊ ရန်ကုန်မြို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးသည်မှာ (၁၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ အဆိုပါ (၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၁၄၄၅၂သန်းကျော် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ ဘိန်းမျိုးစေ့များကို စည်းရုံးသိမ်းစည်း ဖျက်ဆီးသည့်လုပ်ငန်းသည်လည်း အလွန်အရေးပါကြောင်း၊ ဘိန်းမျိုးစေ့ထဲတွင် မော်ဖင်းအာနိသင် မပါ၍ နိုင်ငံတကာက ထိန်းချုပ်ခြင်းမရှိဟုဆိုရမည်ဖြစ်သော်လည်း ဘိန်းမျိုးစေ့ကတစ်ဆင့် ဘိန်းပင်ပေါက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ စည်းရုံး အပ်နှံစေခဲ့ခြင်းဖြစ်ကြောင်း၊ အပ်နှံခဲ့သည့် ဘိန်းမျိုးစေ့များကိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဘိန်းမျိုးစေ့ စုစုပေါင်း ၁၃၅၆၀၃ ကီလိုကို မီးရှို့နိုင်ခဲ့ခြင်းကြောင့် တစ်နည်းအားဖြင့် ဘိန်းစိုက်ဧက ၈၃၀၃၉ ဧကကျော် တားဆီးနိုင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ဘိန်းဖြူတန်ချိန် ၃၆တန် ထုတ်လုပ်နိုင်မှုကိုလည်း တားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ပိုမိုဖျက်ဆီးနိုင်ခဲ့

မြန်မာနိုင်ငံ၌ ဘိန်းခင်းဖျက်ဆီးမှုနှင့် ပတ်သက်၍ ၂၀၀၃-၂၀၀၄ ခုနှစ် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဘိန်းခင်း ဧက ၇၆၁၀ ကျော် ဖျက်ဆီးနိုင်ခဲ့သည့်အနက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ဘိန်းခင်းဧက ၁၀၉၀ ကျော်လည်း ပါဝင်ကြောင်း၊ အလားတူ ၂၀၀၄-၂၀၀၅ ခုနှစ် မတ်လ ၉ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဘိန်းခင်း ၉၀၈၂ ဧကကျော် ဖျက်ဆီးနိုင်ခဲ့သည့်အနက် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဘိန်းခင်း ၂၉၆၈ဧကကျော် လည်းပါဝင်ကြောင်း၊ ၂၀၀၃-၂၀၀၄ခုနှစ်နှင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘိန်းခင်းဖျက်ဆီးမှုကို နှိုင်းယှဉ်လျှင် ၁၄၇၂ ဧကကျော် ပိုမိုဖျက်ဆီးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဤနေရာ၌ ဧည့်သည်တော်များနှင့် နိုင်ငံတကာကို အသိပေး ပြောကြားလိုသည်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာ အကူအညီ အထောက်အပံ့ မရရှိသော်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးကို နိုင်ငံတော် အကြီးအကဲ၏ ချမှတ်ထားသော လမ်းညွှန်ချက် မဟာဗျူဟာ၊နည်းဗျူဟာများကို လိုက်နာ ကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုးပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း ဆောင်ရွက်မှု၊ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး ဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည် ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်မှုများနှင့် ယနေ့ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါး အမျိုးအမည်နှင့် အရေအတွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တာမိုးညဲဒေသတိုင်းရင်းသားခေါင်းဆောင် ဦးမြင့်လွင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ (၅)မှ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်းနှင့် အထူးဒေသ (၇)မှ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းတို့က မိမိတို့ဒေသများ၌ ဘိန်းစိုက်ပျိုးမှုလုံးဝ ပပျောက်ပြီဖြစ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ သံတမန်များ၊ ဧည့်သည်တော်များသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များနှင့် ဆက်စပ်ပစ္စည်းများကို စမ်းသပ်စစ်ဆေး ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မူးယစ်ဆေးဝါး ပပျောက်ရေး လှုပ်ရှားမှုဓာတ်ပုံ မှတ်တမ်းပြခန်းကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ သံတမန်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များ၊ ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုလိုလားလား နှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် ဖျက်ဆီးသည့် ဘိန်းမျိုးစေ့များ၊ မူးယစ်ဆေးဝါးများနှင့် ဓာတုဗေဒပစ္စည်းများမှာ ဘိန်းမျိုးစေ့၃၃၉ပြည်ခြောက်လုံး၊ ဘိန်းဖြူ ၃၃၄ဒသမ၅၃ကီလို၊ ဘိန်းစိမ်း ၂၂၅ ဒသမ၅၀ကီလို၊ ဘိန်းညို ၅၇ကီလို၊ ဘိန်းဆီခဲ ၆ဒသမ၉၈ကီလို၊ ဘိန်းရည်၄ဒသမ၁၉လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၆ဒသမ၃၅ကီလို၊ အက်ဖီဒရင်း၁၃၇ကီလို၊ ဓာတုဗေဒဆေးရည် ၁၂၂၈၂ဒသမ၀၄လီတာ၊ ဓာတုဗေဒဆေးမှုန့် ၇၁၆၃ဒသမ၃၀ကီလိုနှင့် ဆက်စပ်ပစ္စည်းမျိုးစုံအပါအဝင် စုစုပေါင်း ၇၈မျိုးဖြစ်ပြီး ကာလတန်ဖိုးအားဖြင့် ငွေကျပ်သန်းပေါင်း ၄၀၀၀ နီးပါးခန့်ရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဉ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် သံတမန်များမီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ၊ ဘိန်းမျိုးစေ့များနှင့်ဆက်စပ်ပစ္စည်းများကိုစမ်းသပ်စစ်ဆေးကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီးတို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍မီးရှို့ဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒ ပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဉ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား၌ ဖမ်းဆီးရမိသည့် ဘိန်းမျိုးစေ့များ၊ ဘိန်းဖြူများ၊ ဘိန်းစိမ်းများ၊ ဘိန်းညိုများ၊ ဘိန်းဆီခဲများ၊ ဘိန်းရည်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊အက်ဖီဒရင်း၊ ဓာတုဗေဒ ဆေးရည်များ၊ ဓာတုဗေဒဆေးများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များက ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးများ စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးများနှင့်ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးမှု

- မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြီး ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ ၁၉၉၀ပြည့်နှစ်ကစပြီး မီးရှို့ဖျက်ဆီးခဲ့ရာ ၂၀၀၄ခုနှစ်အထိ (၁၈)ကြိမ်ရှိပြီ၊
- (၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၄၅၂ သန်းကျော်ဖြစ်၊
- ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို ရန်ကုန်မြို့တွင်သာမကဘဲ လားရှိုးမြို့အပါအဝင် နယ်စပ်ဒေသနှင့် အခြားမြို့များ၌လည်း ၁၉၉၁ ခုနှစ်ကစပြီး မီးရှို့ဖျက်ဆီးခဲ့ရာ (၃၃)ကြိမ်ရှိ၊
- ယခု မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားမတိုင်မီ ၂၀၀၅ခုနှစ် မတ် ၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ'နယ်မြေ၌ 'ဝ' တိုင်းရင်းသားများက ၎င်းတို့၏အစီအစဉ်ဖြင့် မူးယစ်ဆေးဝါးများ၊ ဘိန်းခင်းများကို ဖျက်ဆီးသည့် အခမ်းအနားတစ်ရပ် ကျင်းပခဲ့။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် မှန်ကန်စွာရှုမြင်၊ အမြင်မှန်ဖြင့် သုံးသပ်

အောင်မိုးခံ

ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် ပကတိအရှိအတိုင်း ကြည့်ရ မြင်ရမယ့်အစား အချို့က ကိုယ်လိုသလို အရောင်ဆိုးပြီး ကြည့်နေ မြင်နေကြပါတယ်။

အမှန်တရားကိုရှာဖွေရင် ပကတိဘဝမှာ ရှာဖွေရမယ်၊ အမှန်တရားဆိုတာ ဖြစ်ရပ်မှန်ကို အမှန်အတိုင်းသိမှု၊ ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းပင်ဖြစ်တယ်။ အမှန်ဖြစ်ရပ်ကို ဖြစ်ရပ်မှန်အတိုင်း မသိမူဘဲ လွဲမှားစွာသိခြင်းဟာ မှန်သော အသိမဟုတ်၊ လွဲမှားသောအသိသာ ဖြစ်တယ်။ ဒါကြောင့် လူတွေမှာ မှန်သော အသိနဲ့ လွဲမှားသော အသိဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ လွဲမှားတဲ့အသိဟာ ဖြစ်ရပ်မှန်ကို အမှန်အတိုင်း မသိဘဲ မိမိတို့ အတ္တနောမတိ စိတ်ဆန္ဒအလိုရမ္မက်အတိုင်း သိချင်သလို သိမှုသာဖြစ်တယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။

ဗမာပြည် ကွန်မြူနစ်ပါတီကျဆုံးခန်း မှတ်တမ်းကို ပြန်ကြည့်ရင် ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းကျဆုံးတာဟာ တော်လှန်ရေးရဲ့ အဓိဋ္ဌာန်ကို ပိုမိုပြည့်ဝလာစေတဲ့အတွက် ကောင်းတယ်၊ ဒုဥက္ကဋ္ဌများဖြစ်တဲ့ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးတာလဲ ကောင်းတယ်ဆိုပြီး အမှားကို အမှန်နဲ့ မကုစားနိုင်ဘဲ အမှားကို အမှားနဲ့ဖြေရှင်းရင်း လုံးဝဥဿုံ ကျဆုံးသွားခဲ့ရတာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါဟာ ပကတိအခြေအနေမှန်ကို ဆန့်ကျင် အရောင်ဆိုးပြီး လိုရာဆွဲပြီး ကျင့်သုံးကျူးလွန်ခဲ့တဲ့ အမှားဖြစ်ပါတယ်။ အလားတူပင် ပကတိဘဝနဲ့မကိုက်ညီဘဲ ကိုယ်လိုသလို ဆွဲယူကျင့်သုံးခဲ့တဲ့ လက်ယာလက်ဝဲ အစွန်းရောက် အမှားတွေကိုလဲ မြန်မာနိုင်ငံရေးသမိုင်းမှာ နိုင်ငံရေးသမားဆိုသူတွေ နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရကြပြီး ဖြစ်ပါတယ်။

ဒီကနေ့မှာလဲ တည်ဆဲတပ်မတော်အစိုးရရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် မျက်မှန်စိမ်းတပ်ပြီး အဆိုးမြင်သက်သက် ဆန့်ကျင်နေတဲ့ အင်အားစုတွေ ရှိနေပါတယ်။ သူဖြူရင် ငါမည်းမယ်ဆိုတဲ့ မင်းမဲ့စရိုက် အတိုက်အခံပြုမှုပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေဟာ အပြုသဘောမဟုတ်၊ အဖျက်သဘောဆန့်ကျင်မှုမျိုးသာ ဖြစ်ပါတယ်။ အစိုးရလုပ်တာမှန်သမျှကို လုံးဝ အဆိုးမြင်ရေးဖြစ်ပါတယ်။ အဲဒီလို အစိုးရဆန့်ကျင်ရေးအင်အားစုတွေ ကိုယ်တိုင်ကလဲ ကောင်းတာဆိုလို့ ဘာတစ်ခုမျှ မလုပ်နိုင်ဘဲ အဖျက်လုပ်ရပ်နဲ့ အဆိုးမြင်သံသရာမှာသာ ကျင်လည်နေကြတာ ဖြစ်ပါတယ်။ ပြည်တွင်းနဲ့ နိုင်ငံတကာဆက်ဆံရေးတွေဟာ အပြုသဘောသို့ ဦးတည်ပြောင်းလဲနေပေမယ့် ဒီအင်အားစုတွေကတော့ အဆိုးမြင်ဝါဒကိုသာ တရားသေကိုင်စွဲလျက်ပဲ ရှိနေကြပါတယ်။

မြန်မာ့လွတ်လပ်ရေးကို ရယူခဲ့စဉ် ၁၉၄၈ခုနှစ်ကာလမှာ မြန်မာကွန်မြူနစ်တွေက အတုအယောင် လွတ်လပ်ရေးသာဖြစ်တယ်ဆိုပြီး ဆန့်ကျင်ပုန်ကန်ခဲ့ကြပါတယ်။ အဲဒီလို ပကတိ အရှိတရားအပေါ် ကိုယ်လိုသလို အရောင်ဆိုးပြီး ဆန့်ကျင်ခဲ့တဲ့ ကွန်မြူနစ်တို့ရဲ့ လုပ်ရပ်ကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ စစ်မီးကြီးလောင်ကျွမ်းမှုဒဏ်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲမှုဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာခဲ့ရပါတယ်။ ဒါဟာ အလွန်သတိပြု ဆင်ခြင်ရမယ့် သမိုင်းသင်ခန်းစာ ဖြစ်ပါတယ်။

ဒီအပေါ် သင်ခန်းစာယူပြီး ဒီကနေ့ နိုင်ငံတော်က ချမှတ်ကျင့်သုံးနေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြုတည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ ဒါမှသာ ဝေဒနာပြွမ်းတီးမှု အနည်းဆုံးနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာဖြစ်ပေါ်လာမယ် ဖြစ်ပါတယ်။

လူ့သမိုင်းခေတ်ကြီးတွေကို လူ့အလိုဆန္ဒရှိတိုင်း မထူထောင်နိုင်ပါ။ ခေတ်စနစ်တစ်ရပ် ပေါ်ထွန်းဖို့ဆိုရင် ဆိုင်ရာ လူမှုရုပ်ဘဝအခြေအနေတွေ ပြည့်စုံလုံလောက်ရင့်မာမှု (Material Preconditions) ရှိရမယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းတွေဟာ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တွေကိုသာ ချမှတ်ကျင့်သုံးခဲ့ကြတာ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ပြည်သူ့ဆန္ဒကိုအခြေခံတဲ့ ဒီမိုကရေစီရေးလမ်းစဉ်ဖြစ်တယ်ဆိုတာကို အခုလို အခိုင်အမာတွေ့နိုင်ပါတယ်။ အမျိုးသားညီလာခံကြီးမှာ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်နေပါတယ်။ ဒီညီလာခံကြီးက ချမှတ်ပေးတဲ့ အခြေခံမူများနဲ့ အသေးစိတ်

ဒီကနေ့လိုအချိန်အခါမျိုးဟာ အမျိုးသားရေးအင်အားစုအားလုံး စီးပွားရေးနယ်ပယ်မှာ လွတ်လပ်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို စုပေါင်းလုံ့လပြုသွားရမယ့် အချိန်အခါဖြစ်ပါတယ်။ လူမှုရေးနယ်ပယ်မှာလဲ ပြည်သူကို တာဝန်သိ နိုးကြားတက်ကြွတဲ့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မျိုးရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ သားကောင်းများဖြစ်လာရေးအတွက် စုပေါင်းလုံ့လပြုသွားရမယ့် အချိန်အခါဖြစ်ပါတယ်။ နိုင်ငံရေးနယ်ပယ်မှာလဲ တစ်မျိုးသားလုံး အမျိုးသားသင့်မြတ်စည်းလုံးရေးကို တည်ဆောက်သွားရမယ့် အချိန်အခါဖြစ်ပါတယ်။ တစ်ဖက်ကလဲ စစ်မှန်သော ပါတီစုံနိုင်ငံရေးစနစ်ကို ပြုစုပျိုးထောင်သွားကြရမယ် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ တည်ဆဲတပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး မနားမနေထူထောင်လာတဲ့အတွက် ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူအောင် အခြေခံလူမှုဘဝတွေ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ မျက်ဝါးထင်ထင် ရှုမြင်နိုင်သလို ကိုယ်စီကိုယ်င ထိတွေ့ခံစားနေကြရတာပဲ ဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့နဲ့ သင့်မြတ်စည်းလုံးစွာ တည်ဆောက်လာနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဘယ်ခေတ် ဘယ်အခါနဲ့မျှ မတူအောင် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်၊ ခုဆိုရင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ အခြေခံအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးလဲဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံးကိုယ်စား တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ ကိုယ်စားလှယ်များနဲ့ ကျယ်ပြန့်စုံညီစွာ ညှိနှိုင်းဆွေးနွေးပြီး တစ်ပိုင်းပြီးတစ်ပိုင်း အောင်မြင်စွာကျင်းပလျက် ရှိနေပါတယ်။

အခြေခံရမည့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲမှာဖြစ်ပြီး ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုမှာ ဖြစ်ပါတယ်။ (ဒါဟာ ပြည်သူ့ဆန္ဒနဲ့ ဆုံးဖြတ်အတည်ပြုတာ ဖြစ်ပါတယ်။)

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ် (ဒါဟာ ပြည်သူ့ရွေးကောက်ပွဲဖြစ်တယ်)၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပမယ်၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများ၊ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြမယ် ဖြစ်ပါတယ်။

ဒါ့ကြောင့် **ဒီကနေ့လိုအချိန်အခါမျိုးဟာ အမျိုးသားရေးအင်အားစုအားလုံး စီးပွားရေးနယ်ပယ်မှာ လွတ်လပ်တဲ့ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကို စုပေါင်းလုံ့လပြုသွားရမယ့် အချိန်အခါဖြစ်ပါတယ်။ လူမှုရေးနယ်ပယ်မှာလဲ ပြည်သူကို တာဝန်သိ နိုးကြားတက်ကြွတဲ့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မျိုးရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ သားကောင်းများဖြစ်လာရေးအတွက် စုပေါင်းလုံ့လပြုသွားရမယ့် အချိန်အခါဖြစ်ပါတယ်။ နိုင်ငံရေးနယ်ပယ်မှာလဲ တစ်မျိုးသားလုံး အမျိုးသားသင့်မြတ်စည်းလုံးရေးကို တည်ဆောက်သွားရမယ့် အချိန်အခါဖြစ်ပါတယ်။ တစ်ဖက်ကလဲ စစ်မှန်သော ပါတီစုံနိုင်ငံရေးစနစ်ကို ပြုစုပျိုးထောင်သွားကြရမယ် ဖြစ်ပါတယ်။**

ဒါတွေကို မျက်ကွယ်ပြုပြီး မျက်မှန်စိမ်းတပ်ထားတဲ့ ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီတွေဟာ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ပျက်စီးရာ ပျက်စီးကြောင်း ထိုးနှက်တိုက်ခိုက် နှောင့်ယှက်နေကြပါတယ်။ ဒါပေမယ့် ၁၉၈၈ခုနှစ်က စတင်ခဲ့တဲ့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများနဲ့ နိုင်ငံတကာမှ သမာသမတ်နိုင်ငံများက အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ရှုမြင်သုံးသပ်ပြီး အပြုသဘောထောက်ခံပူးပေါင်း ဆောင်ရွက်နေကြပါတယ်။

မကြာသေးခင်က BBCနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ မြန်မာ့ရေးရာကျွမ်းကျင်သူ ဗြိတိန်နိုင်ငံမှ ပါမောက္ခ ရောဘတ်တေလာရဲ့ ဖြေကြားချက်အချို့ကို မျက်မှန်စိမ်းသမားတွေ အမြင်မှန်၊ အသိမှန်ရစေဖို့အတွက် ဆိုလိုရင်းကို မှတ်မိသလောက် တင်ပြလိုပါတယ်။

BBCက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အများစု အရွေးချယ်ခံထားရတဲ့ NLDမပါဘဲ SNLDနဲ့ ALDမပါဘဲ အမျိုးသားညီလာခံကျင်းပနေတယ်။ ဒါကိုကြည့်ရင် ပြည်ထောင်စုတစ်ခုလုံးကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနေတယ်ဆိုတာ မှန်ပါ့မလားလို့ မေးတဲ့အခါ ပါမောက္ခ ရောဘတ်တေလာက **"ဒါကတော့ လွန်ခဲ့တဲ့ ၁၄ နှစ်ကျော်က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို ပြောနေကြတာပါ။ ကမ္ဘာပေါ်မှာရှိတဲ့ အစိုးရတွေဟာ လွန်ခဲ့တဲ့ ၁၄ နှစ်ကပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကို အခြေပြုထားကြတယ်လို့ ကျွန်တော် မထင်ဘူးလို့"** ပြန်လည် ဖြေကြားသွားပါတယ်။

ဘီဘီစီက ညီလာခံတက်ရောက်နေသူတွေရဲ့ ကိုယ်စားပြုမှုနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေရှိနေပါတယ်။ ပြည်သူတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို မှန်မှန်ကန်ကန်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုခြင်း မရှိဘူးလို့ ထောက်ပြသူတွေ ရှိနေပါတယ်။ ဒီလိုထောက်ပြမှုတွေဟာ ခိုင်လုံမှုရှိပါသလား၊ မရှိဘူးလားလို့ မေးခဲ့ပါတယ်။ ပါမောက္ခ ရောဘတ်တေလာက **"ညီလာခံမှာ လူပေါင်း ၁၀၀၀ ကျော်လောက် တက်ရောက်နေပါတယ်။ လူမျိုးစုအရပြောရရင် ၆၀ ရာခိုင်နှုန်းဟာ ဗမာတွေဖြစ်ပြီး ကျန်တဲ့ ၄၀ ရာခိုင်နှုန်းဟာ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တွေပါ။ ဒါဟာ အကြမ်းအားဖြင့် လက်ရှိ မြန်မာနိုင်ငံက လူဦးရေအချိုးအစားနဲ့ ကိုက်ညီပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြရာမှာ ဒီလိုအချိုးအစားကိုက်ညီမှုရရှိဖို့ဆိုတာ အတော့်ကို ခဲယဉ်းပါတယ်။ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံရေးဆွဲခဲ့စဉ်တုန်းက အချိုးအစားဟာ ဒီလောက်တောင် ကိုက်ညီမှု မရှိခဲ့ပါဘူး"**ဟု ရှင်းပြသွားပါတယ်။

နောက်ဆုံးမေးချင်တဲ့ မေးခွန်းကတော့ အခုလက်ရှိ စစ်အစိုးရဟာ အခုလို အမျိုးသားညီလာခံကနေ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ကြိုးပမ်းနေတာဟာ တရားဝင်အစိုးရသဘောမျိုးဖြစ်လာအောင် ကြိုးပမ်းနေတယ်လို့ ယူဆသူတွေရှိကြပါတယ်။ ဒီညီလာခံဟာ နအဖအစိုးရကို တရားဝင်အုပ်စိုးခွင့်ရှိတဲ့ အစိုးရဖြစ်သွားစေမယ်လို့ ထင်ပါသလားလို့ မေးတဲ့အခါမှာ **"ဒါဟာ တရားဝင်အစိုးရ ဖြစ်ရေး မဖြစ်ရေးကိစ္စ မဟုတ်ပါဘူး၊ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ့် ကိစ္စပါ။ အနာဂတ်မှာ တိုင်းပြည်အစိုးရကို ဘယ်လိုဖွဲ့စည်းမယ်ဆိုတာ အခြေခံဥပဒေရေးဆွဲမယ့်ကိစ္စသာ ဖြစ်ပါတယ်"**ဟု ပါမောက္ခ ရောဘတ်တေလာက ဖြေကြားသွားပါတယ်။ **"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ထွက်လာစေချင်ရင်တော့ ညှိနှိုင်းအဖြေရှာတတ်ရမယ်။ ပြောင်းလဲလာတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေရှိတတ်ရမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ ဘယ်လိုဖွဲ့စည်းပုံအခြေခံဥပဒေမျိုးပဲ ပေါ်လာပေါ်လာ ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝမရှိဘဲဖြစ်နေတာထက် ပိုကောင်းမယ်လို့ ထင်ပါတယ်"**ဟုလဲ ဖြေကြားသွားပါတယ်။

ဗြိတိန်နိုင်ငံမှ ပါမောက္ခ ရောဘတ်တေလာဟာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်အပေါ် ရိုးသားစွာ သိမြင်နားလည်တဲ့ မြန်မာ့ရေးရာကို ကျွမ်းကျင်နှံ့စပ်စွာ လေ့လာနေတဲ့ ပညာရှင်တစ်ဦးဖြစ်ပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကင်းစွာ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်နဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေကို မျက်ကွယ်ပြုပြီး မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အပေါ် မျက်မှန်စိမ်းတပ်ပြီး အဆိုးမြင်ဝါဒနဲ့ တစ်ဖက်သတ်ရှုမြင်နေသူတွေ အမြင်မှန်ရဖို့အတွက် အခုလို တင်ပြလိုက်ရတာ ဖြစ်ပါတယ်။ ။

21-3 (10).p65 1 3/26/05, 8:37 PM

ပဋ္ဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးစတင် သာသနာရေးဝန်ကြီးတက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် မတ် ၂၀

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆင္ဃသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ရှေးဦးစွာ ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီးငါးပါးကို တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောသလ္လ ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

အစည်းအဝေးဖွင့်လှစ်

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။ သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ ဂါထာကိုတညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးကျင်းပမည့် ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ရက်နှင့် ၁၃ ရက် (၂၀၀၅ ခုနှစ် မတ်၂၀ရက်၊ ၂၁ရက်နှင့်၂၂ရက်)များအတွက်အစည်းအဝေးအစီအစဉ်ကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက် ရယူတော်မူကာ ယနေ့ဖြန့်ဝေ ဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဩဝါဒကထာဖတ်ကြား

ထို့နောက် ယနေ့အစည်းအဝေးတွင် တင်မြှောက်ခြင်းခံတော်မူရသော ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာချီးမြှင့်မှုများကို အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက နာယူတော်မူကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက အသီးသီးဖတ်ကြားပေးတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာ



ပဋ္ဌမ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ကောသလ္လ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောသလ္လ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ယခုတစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက 'သဗ္ဗေ သင်္ခါရာ အနိစ္စာတိ' အစရှိသော သုံးဂါထာကို ရွတ်ဆို၍ သံဝေဂဉာဏ်ပွားတော်မူကြပြီး မှတ်တမ်းတင်တော်မူကြသည်။

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က တင်သွင်း၍ အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက တင်သွင်းလျှောက်ထားတော်မူပြီး နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အစီရင်ခံစာအကျယ်ကို ကဏ္ဍလိုက် သက်ဆိုင်ရာ ဆရာတော် များက ဖတ်ကြားတင်သွင်းတော်မူကြရာ ဝိနိစ္ဆယရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတ သီရိဘိဝံသနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမနတို့ကလည်းကောင်း၊ သာသနာရေးရာ ကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များဖြစ်တော်မူကြသော မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂါရဝနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာတို့ကလည်းကောင်း၊ ပညာရေးရာ ကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များဖြစ်တော်မူကြသော ကရင်ပြည်နယ် ဘားအံမြို့ ခေမာရာမကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇာနေယျနှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသတို့က လည်းကောင်း ဖတ်ကြားတင်သွင်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ တင်ပြလာသော အကြံဉာဏ်များကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်တော်မူကြသော မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယနှင့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသတို့က ရှင်းလင်းပြန်ကြားလျှောက်ထားတော်မူကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေး ဒုတိယနေ့ကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ် လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ကျေးဇူးရှင်မိဘနှစ်ပါး ဖြစ်ကြသည့် (ဦးသိန်းမောင်)-ဒေါ်ပါးပါး တို့အား ဦးထိပ်ထား၍ စန္ဒီပရဆေးမိသားစုက လည်းကောင်း၊ ယမန်နေ့တွင် ကြည့်မြင်တိုင်မြို့နယ် စလင်းလမ်း အမှတ်(၃၀) နေ ဦးနှင်းစိန်-ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်) မိသားစုက လည်းကောင်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ထက်လင်းဆေးတိုက်၊ ဧကမ္ဗာ ဆေးတိုက်၊ ညွန့်ညွန့်ဆေးတိုက်၊ ဦးစိုင်းဆေးတိုက်နှင့် ဦးဘညိမ်းဆေးတိုက်တို့ကလည်း ဆရာတော်ကြီးများအား ယနေ့တွင် တိုင်းရင်းဆေးများ လာရောက်ဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသန်းဆွေက သံလွင်တံတား(တာပါး) တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှုအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းက သံလွင်တံတား (တာပါး)အတွက် တည်ဆောက်ရေးပစ္စည်းအားလုံးရောက်ရှိမှုကို ရှင်းလင်းတင်ပြသည်။

တွန်းအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တံတားနှင့်အတူ တံတားချဉ်းကပ်လမ်းများ၊ တံတားနှင့်ဆက်စပ်သည့် ကားလမ်းများ ပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ၆၆ မိုင်ရှည် ကွတ်ခိုင်-မုံးစီး-တာပါး ကားလမ်းနှင့် ဒေသအတွင်းရှိ ကားလမ်းများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းများတိုးတက်ကောင်းမွန်ရေး

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဤဒေသအတွင်းရှိလမ်းများ တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသမှ တိုင်းရင်းသားခေါင်းဆောင်များက သံလွင်မြစ်ကို ဖောင်ဖြင့်ခက်ခက်ခဲခဲ ဖြတ်ကူးခဲ့ရသည့် အခြေအနေများ၊ သံလွင်တံတား (တာပါး) တည်ဆောက်ပြီးစီးသွားပါက ဒေသဖွံ့ဖြိုးတိုးတက်လာ မည့်အခြေအနေများနှင့် လမ်းတံတားများ တိုးတက်ကောင်းမွန်လာသဖြင့် ဒေသနေပြည်သူများ လက်တွေ့အကျိုးခံစားရရှိနေမှုများကို ရှင်းလင်းတင်ပြကြသည်။

အမှတ်တရပေးအပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ပံ့ပိုးကူညီလျက်ရှိသူများနှင့် စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေတို့အား အမှတ်တရ သစ်သီးခြင်းများ ပေးအပ်သည်။

ဆက်လက်၍ သံမဏိဆိုင်းကြိုး (Suspender) တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား (တာပါး)သည် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်၌တည်ရှိသည်။ တံတားအရှည်မှာ ပေ ၆၀၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၁၆ ပေ ၄ လက်မရှိမည့် တံတားဖြစ်သည်။

သံမဏိသံပေါင်ကြိုးတံတား

တံတား၏ အုတ်မြစ်မှာ Pile Foundation အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း သံမဏိသံပေါင်ကြိုးတံတားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာပါး) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၃-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	Grammar made Easy
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၀	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၁၇း၀၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇း၂၀	၇။	အကပဒေသာ
၁၇း၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၅၀	၉။	မြန်မာ့ရိုးရာ တောခလေ့ ကျေးလက်တေးသံ
၁၈း၀၀	၁၀။	နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၁၀	၁၁။	Discovery
၁၈း၁၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၇၇)
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၂၀	၁၆။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၃၀	၁၇။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၉း၄၅	၁၈။	ပြည်သူ့အတွက် တပ်မတော် **"သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ရှေးခေတ်မြန်မာ့တပ်မတော်"**
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၁)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မိုးကုတ်ဝိပဿနာ ၁၀ရက်စခန်း

ရန်ကုန် မတ် ၂၀

ပဲခူးမြို့နယ် အင်းတကော်ကျေးရွာ မြို့မတောင်ကိုးလုံး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သံဝေဇနိယ အမှတ်(၁)တွင် အမရပူရမြို့ မင်္ဂလာမဂ္ဂင်ရိပ်သာ ပင်မသံဝေဇနိယဌာနကြီး၏ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇောတိက (လေး)နှင့် ပဲခူးမြို့မစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာ အရှင်မြတ်ကြီးများဦးစီး၍ မတ်၂၇ရက်မှစ၍ ၁၀ရက်တိုင်တိုင် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဝိစိတ္တသာရ (မြို့မတောင်ကိုးလုံး)နှင့် အရှင်အဂ္ဂါစာရ (လယ်ဝေး) ဆရာတော်အရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး အလုပ်ပေးတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ထောက်ကြန့် ရွှေကြက်ယက်ကျောင်း သကြင်္နိတရားစခန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် ရွှေကြက်ယက်ကျောင်းတွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ၁၀ရက်မှ ၁၆ရက်အထိ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စိန္တာမယကြီးမှူး၍ ဖွင့်လှစ်မည် ဖစ်ရာ တရားစခန်းဝင်လိုသော ဒုလ္လဘရဟန်းယောဂီများ ကြိုတင်စာရင်းသွင်းနိုင်သည်။

စခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်သင်တန်း သစ္စာလေးပါးတရားများကို ဦးဝါသေဋ္ဌ အရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်ရာ စခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်လှူဒါန်းလိုသော အလှူရှင်များ ရွှေကြက်ယက်ကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အကြိုဂုဏ်ပြုကဗျာ

ဇာနည်သားကောင်း လူစွမ်းကောင်း

(ကာချင်း)

- တပ်တော်ဦးက ဟိန်းဟိန်းညံ
  အောင်သံလော၊ အောင်သံလော။
- ဟုတ်တည်းနောင်ရင်း၊ နောင်ရင်း
  ဟုတ်တည်း ညီရင်း၊ ညီရင်း
  ဟုတ်တည်း ဆွေရင်းနွယ်ရင်း။
- အဖျက်ရန်ရှင်း၊ ရန်ပုံခွင်း
  နှိမ်နင်းအောင်ပွဲဆင်၊ အောင်ပွဲဆင်။
- ပြည်သူ့သက်နှံ၊ အောင်ပွဲပြန်
  အားမာန်ဝင့်ဝင့်ထည်၊ ဝင့်ဝင့်ထည်။
- ပြည်သူစုရုံး၊ အောင်ပန်းကုံးနှင့်
  ရွှင်ပြုံးကြိုဆိုတယ်၊ ကြိုဆိုတယ်။
- နိုင်ငံ့သားကောင်း၊ ပြည့်လက်မောင်း
  နှစ်ထောင်းအားရဖွယ်၊ အားရဖွယ်။
- ဒို့ပိုင်နက်ကို တစ်လက်မမျှ
  ကျူးကမခံ၊ တွန်းလှန်ဖယ်ရှား
  စွန့်စားတိုက်ခိုက်တယ်၊ တိုက်ခိုက်တယ်။
- တည်ဆောက်ပြုပြင်၊ နိုင်ငံတစ်ခွင်
  အားအင်ပြည့်ဖြိုးတယ်၊ ပြည့်ဖြိုးတယ်။
- ခေတ်စဉ်တစ်လျှောက်၊ သစ္စာမဖောက်
  အံ့လောက် ဂုဏ်ယူဖွယ်၊ ဂုဏ်ယူဖွယ်။
- ရွှေနိုင်ငံပြည်ကြီး၊ သည်ခရီးတူရှု
  ပြည်သူနှင့်တွဲ၊ မခွဲစည်းလုံးတယ်၊ စည်းလုံးတယ်။
- ဇာနည်သားကောင်း၊ လူစွမ်းကောင်း
  လက်ခမောင်းခတ်၊ ဂုဏ်ပြုအပ်သည်
  မြင့်မြတ်လှပေတယ် လှပေတယ်။ ။

ဟိန်းထက်ဟိန်း (လယ်ဝေး)

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

ရန်ကုန် မတ် ၂၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန၌ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀တို့သည် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်ဦး၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ကျေးလက်ပြည်သူများ ဗဟုသုတနှင့်အသိဉာဏ်တိုးတက်ရေး စာကြည့်တိုက်များဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်အားပေး

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဝေါမြို့နယ် ကွေ့ကြီးကျေးရွာနှင့် မြစ်ကျိုးကျေးရွာများသို့သွားရောက်ပြီး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများနှင့် ကျေးလက်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်အားပေးသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁နာရီတွင် ပဲခူးတိုင်း ဝေါမြို့နယ် ကွေ့ကြီးကျေးရွာသို့သွားရောက်ပြီး ‘မြင့်မြတ်’ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ မြင့်မြတ်စာကြည့်တိုက်ကို အလှူရှင်များနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁၂နာရီခွဲတွင် မြစ်ကျိုးကျေးရွာသို့ ရောက်ရှိပြီး မြစ်ကျိုးကျေးရွာ ‘ဇာတိမြေ’ စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါ ‘ဇာတိမြေ’ စာကြည့်တိုက်ကို ဒေသသားတစ်ဦးဖြစ်သည့် ရှေ့မင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်မိသားစုက မြေကွက်နှင့် အဆောက်အအုံတို့ကို လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင်နှင့်အတူ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ‘ဇာတိမြေ’စာကြည့်တိုက်အတွင်း စာအုပ်စာတမ်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြစ် ကျိုးကျေးရွာ အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြစ်ကျိုးကျေးရွာခန်းမ၌ ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)** အဆိုပါတွေ့ဆုံပွဲတွင် မြစ်ကျိုးကျေးရွာ စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးသိန်းမြင့်က ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးဌေးလွင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစ်ကျိုးအထက ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အတွက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလှူငွေကျပ်၆၀၀၀၀၀၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အလှူငွေကျပ်၅၀၀၀၀၊ ရှေ့မင်းသိန်း(မန္တလေး) ဆောက်လုပ်ရေး ကုမ္ပဏီမှ အလှူငွေကျပ်၃၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။

လက်ခံရယူ

ယင်းနောက် မြစ်ကျိုးကျေးရွာ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၇၀၀ကို လည်းကောင်း၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်သီတာပြုံးမိသားစုက စာအုပ်မျိုးစုံ ၁၅၅အုပ်ကို လည်းကောင်း၊ မြစ်ကျိုးကျေးရွာ ပြည်သူများက စုပေါင်းလှူဒါန်းသော စာအုပ်မျိုးစုံ ၅၀၀ကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံရယူသည်။

ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကွေ့ကြီးကျေးရွာနှင့် မြစ်ကျိုးကျေးရွာတို့မှ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် ကျေးရွာသူ ကျေးရွာသားများ ဗဟုသုတတိုးပွားရေး၊ အသိဉာဏ်တိုးတက်ရေး၊ နည်းပညာများ လေ့လာနိုင်ရေးတို့အတွက် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်များကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ အဆောက်အအုံနှင့် ပရိဘောဂများ တိုးပွားရေး၊ တိုးတက်ကောင်းမွန်ရေး၊ စာအုပ်များ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးတို့သည် အထူးလိုအပ်ကြောင်း။

စာကြည့်တိုက်များကို ကျေးလက်ဒေသများတွင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ စေတနာရှင်များ၊ အလှူရှင်များ ပူးပေါင်းပါဝင်လာမှုတို့ကြောင့် ၂၀၀၄-၂၀၀၅ခုနှစ် ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စု တိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်၏ ရည်မှန်းချက်ဖြစ်သော ကျေးရွာအားလုံးတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးကိုလည်း စေတနာရှင်၊ အလှူရှင်ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။ **(သတင်းစဉ်)**

ဘရူနိုင်းဘုရင့်ဖလား (ယူ-၂၁)ဘောလုံးပြိုင်ပွဲ

ဘရူနိုင်းလူငယ်က စင်ကာပူလူငယ်ကို အနိုင်ရရှိ

ရန်ကုန် မတ် ၂၀

၂၀၀၅ခုနှစ် ဒုတိယအကြိမ်ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်ကို ယနေ့ မြန်မာ စံတော်ချိန် မွန်းလွဲ ၂နာရီခွဲက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပရာ ဘရူနိုင်းလူငယ်အသင်းက စင်ကာပူလူငယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(ခ)တွင် မြန်မာလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ လာအိုလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ ဘရူနိုင်းလူငယ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ရရှိပြီး စင်ကာပူလူငယ်အသင်းက သုံးပွဲရှုံး အမှတ်မရချေ။

မြန်မာလူငယ်၊ လာအိုလူငယ်နှင့် ဘရူနိုင်းလူငယ်တို့ ခြောက်မှတ်စီ တူညီ နေသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ်အသင်းက အုပ်စု ပထမ၊ လာအိုလူငယ်အသင်းက အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက် သွားသည်။ ဘရူနိုင်းလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။

မတ် ၁၉ရက်က ယှဉ်ပြိုင်ကစားသော အုပ်စု(က)ပွဲစဉ်တွင် အင်ဒိုနီးရှားလူငယ်အသင်းက ဖိလစ်ပိုင်လူငယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းလူငယ်အသင်းက မလေးရှားလူငယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

မတ် ၂၁ရက်**(ယနေ့)**တွင် အုပ်စု(က)နောက်ဆုံးပွဲစဉ်များကို ဆက်လက် ကျင်းပမည်ဖြစ်ရာ ဗီယက်နမ်လူငယ်အသင်းနှင့် မလေးရှားလူငယ်အသင်း၊ အင်ဒိုနီးရှားလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဗုဒ္ဓပူဇနိယပွဲတော် အကြိုတရားပွဲ

ရန်ကုန် မတ် ၂၀

ပဲခူးတိုင်း ထုံးကြီးကျေးရွာ အောင်ဘုံသီဟရွှေပြည်အေး အေးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲတော် အကြိုတရားပွဲများကို တပေါင်းလပြည့်နေ့တွင် ရန်ကုန်တိုင်း သာကေတမြို့နယ် (၇/နောက်) ရပ်ကွက် အောင်ဇမ္ဗူကျော်ပရဟိတ တက္ကသိုလ်စာသင်တိုက်ပဓာနနာယက ဝေါဆရာတော် ဘဒ္ဒန္တကုသလ(မွေ့စရိယ) နယ်လှည့်သာသနာပြုဓမ္မကထိကနှင့် တပေါင်းလပြည့်ကျော် ၁ရက်တွင် မြို့နယ်သံဃနာယက အဖွဲ့ဝင် သာသနဓဇမ္မာစရိယ စာချအကျော်ဇမ္ဗူအေးဆရာတော် ဘဒ္ဒန္တတေဇိန္ဒတို့က ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၁)ဖြန့်ချီ

ရန်ကုန် မတ် ၂၀

ကိုကို(စက်မှုတက္ကသိုလ်)စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၁)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ထားဝယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ရေး အိန္ဒိယက လေ့လာမှုများ စတင်ရန်ရှိ၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ပွဲရုံများ ဆောက်ရန်မြေကွက်များ ရောင်းချမည်၊ လိုင်စင်မဲ့မော်တော်ယာဉ်ကိုမလိုအပ်ဘဲ အစိတ်အပိုင်းများ ဖြတ်တောက်ပါက သက်သေခံပစ္စည်းများ ဖျောက်ဖျက်မှုနှင့်ပါ အရေးယူခြင်းခံရမည်စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖူးစာတော့ဖူးစာ သို့သော်ဆူနာဖူးစာ၊ ပုံတူမျိုးပွား သိုးမလေးဒေါ်လီ ဖန်တီးရှင်သိပ္ပံဆုဆွတ်ခူး၊ ပိုက်ဆံပေးစရာမလို လက်ဗွေနှိပ်ရုံနှင့် ဈေးဝယ်နိုင်ပြီ၊သရဲကြောက်သည့် သမ္မတကြီး အိမ်တော်မှပြောင်းပြေး စသည့်နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့်ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၀က ဖြန့်ချိလိုက်ပြီဖြစ်သည်။**(သတင်းစဉ်)**

အမျိုးသမီးများ၏ ဘဝပုံရိပ်ဝတ္ထုများ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၂၀

နိုင်ငံကျော် စာရေးဆရာမကြီးများဖြစ်ကြသော မမြတ်လေး၊ စောမုံညင်း၊ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ မဝင်းမြင့်၊ ဒေါက်တာမတင်ဝင်း၊ မိုးမိုး(အင်းလျား)၊ မလေးလုံ၊ မကြွယ်ကြွယ်၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မိုးငြိမ်းစတို့၏ ဘဝသရုပ်ဖော် ဝတ္ထုတို ၁၂ပုဒ်ကို စုစည်းလျက် အမျိုးသမီးများ၏ ဘဝပုံရိပ်ဝတ္ထုများအမည်ဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၂၂၀ကျော် ဝူးဖရီးစက္ကူဖြူချောဖြင့် ရိုက်နှိပ်ထားပြီး တစ်အုပ်လျှင် ရောင်းဈေး ကျပ်၁၀၀၀ဖြင့် စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉ ကုန်သည်လမ်း၊သတင်းနှင့်စာနယ်ဇင်း ၂၂၁ သိမ်ဖြူလမ်း၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ၅၂၉ ကုန်သည်လမ်းရှိ စာပေတိုက်နှင့် စာအုပ်ဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ (စီးပွားရေး၊ စီးပွားစီမံ-ဒုတိယနှစ်) Cost Accounting (Control of Meterial°°Cost)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ ကြမ္မာ"**(အပိုင်း-၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစုံစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြို့ပြဟောဝန်က သိုင်းလုလင်"** (အပိုင်း-၈)

မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာပြည်တစ်ဝန်းမှ ဆရာကြီးများအပါအဝင် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တို(အတိုက်)ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၃၁ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှညနေ ၄နာရီအထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့်မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၀၇၁၂၊ ၅၈၄၃၅၃ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ်တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ မတ်၃၀ ရက်၊ ဧပြီ ၂၇ ရက်၊ မေ ၂၅ ရက်တို့တွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးနိုင်ပွဲရပြီး မန်ယူကို ၁၁ မှတ်ဖြတ်ထားနိုင်ဆဲ မန်ယူနှင့်အာဆင်နယ်နိုင်ပွဲများရသော်လည်း ဂိုးပြတ်မသွင်းနိုင်

လန်ဒန် မတ် ၂၀

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ကို မတ်၁၉ရက်က ဆက်လက်ကျင်းပရာ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများဖြစ်သော ချယ်လ်ဆီး၊ မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်တို့ နိုင်ပွဲများရရှိခဲ့ကြသော်လည်း မန်စီးတီးအသင်းက တော့တင်ဟမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး ပို့စ်မောက်နှင့် နယူးကာဆယ်တို့ တစ်ဂိုးစီ သရေဖြစ်သွားသည်။

ချယ်လ်ဆီးနှင့်ခရစ္စတယ်ပဲလေ့စ်

တန်းစီဇယားထိပ်တွင် ရှိနေပြီး ပရီမီယာလိဂ်ဖလားရရှိရန် သေချာသလောက်ရှိနေပြီဖြစ်သော ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းစတင်းဖိုဒ်ဘရစ်၌ ဧည့်သည်ခရစ္စတယ်ပဲလေ့စ်ကို ဂိုးပြတ်သွင်းကာ အနိုင်ယူခဲ့ပြန်ပြီဖြစ်သည်။

အတန်းမဆင်းရရေး ရုန်းကန်နေရသော ခရစ္စတယ်ပဲလေ့စ်အသင်းကို ချယ်လ်ဆီး ကွင်းလယ်ကစားသမားနှင့် အင်္ဂလန်အသင်း လက်ရွေးစင်ကွင်းလယ်ကစားသမားလည်းဖြစ်သည့် ဖရန့်လမ်းပတ်က ၂၈မိနစ်တွင် ခရစ္စတယ်ပဲလေ့စ်ဂိုး၏ ၂၂ ကိုက် အကွာမှ အပြင်းကန်သွင်းခဲ့ရာမှ ချယ်လ်ဆီးတို့ ပထမဂိုးစတင်ရရှိခဲ့သည်။

ခရစ္စတယ်ပဲလေ့စ် ချေပဂိုးရရှိရေး ထိုးဖောက်ကစားသော်လည်း ချယ်လ်ဆီး နောက်တန်းကို မကျော်နိုင်ဘဲရှိနေရာမှ ၄၂ မိနစ်တွင် ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူး ရော့လက်ဂီ ပေးလိုက်သည့် ဘောလုံး ချယ်လ်ဆီးမှ လမ်းပတ်နှင့်ထိပြီး ခရစ္စတယ်ပဲလေ့စ် တိုက်စစ်မှူး အကီရီဟီးလ်လက်တီထံ ရောက်သွားရာမှ ချယ်လ်ဆီးဂိုးဧရိယာနှင့် ခြောက်ကိုက်အကွာမှ အကီရီဟီးလ်တီက သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိသွားသည်။

ပွဲချိန်ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ အချိတ်အဆက်မိမိ ထိုးဖောက်ကစား နိုင်ခဲ့ရာမှ ၅၄မိနစ်တွင် ဂျိုကိုးလ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂျိုကိုးလ်အတွက် ယင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ သူ၏ ခြောက်ဂိုးမြောက်ဂိုးဖြစ်သည်။ ယခင်ပွဲများတွင် ဒဏ်ရာကြောင့် အနားယူခဲ့ရသော ချယ်လ်ဆီး တောင်ပံတိုက်စစ်မှူး ရော်ဘင်က ဒပ်ဖ်နှင့် ၇၄ မိနစ်တွင် လဲလှယ်ဝင်ရောက် ကစားခဲ့ရာမှ တိုက်စစ်အား ကောင်းလာခဲ့ပြီး ၇၈ မိနစ်နှင့် မိနစ် ၉၀တို့တွင် ဂတ်ဂျွန်ဆင်အစား ဝင်ရောက်ကစားခဲ့သည့် ကက်ဇ်မန်းက နှစ်ဂိုးဆက်တိုက်သွင်းယူသဖြင့် ချယ်လ်ဆီးတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ချယ်လ်ဆီးသည် ဒုတိယနေရာတွင်ရှိသော မန်ယူနှင့် ပွဲတူ ၁၁မှတ် ဖြတ်ထားနိုင်ဆဲဖြစ်သည်။

မန်ချက်စတာယူနိုက်တက်နှင့် ဖူလ်ဟမ်

အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဖူလ်ဟမ်ကို ဂိုးပြတ်အောင်မသွင်းနိုင်ခဲ့ချေ။ ယခုပွဲကို လူစုံထုတ်ကစားခဲ့သောမန်ယူသည် အလယ်တန်းမှ ပေါလ်စခိုးနှင့် ရွိုင်ကိန်းတို့ ဘောလုံးဖြန့်ပေးနိုင်မှု အားနည်းခဲ့သဖြင့် ရှေ့တန်းမှ ရွန်နီနှင့် နစ္စ

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်(၃၀)အဖြစ် မန်ချက်စတာယူနိုက်တက်နှင့် ဖူလ်ဟမ်တို့ပွဲတွင် မန်ယူမှ ဝက်စ်ဘရောင်း(ဝဲ) **ဖူလ်ဟမ်မှ ကာလို့စ်**(လယ်)**နှင့် မန်ယူမှ ရွန်နီ**(ယာ)**တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

တယ်လ်ရွိုင်းတို့ ထိုးဖောက်ဂိုးသွင်းနိုင်မှု အားနည်းခဲ့ရသည်။

သို့သော်လည်း မန်ယူတို့ ဖူလ်ဟမ်ကို ပွဲချိန်အတော်များများ ဖိကစားနိုင်ခဲ့ရာ ၂၁မိနစ်တွင် ရီနယ်ဒိုက ဖူလ်ဟမ်နောက်ခံလူများကို လိမ်ခေါက်ပြီး အမှတ်မထင်ကန်သွင်းခဲ့ရရာမှ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူမှ ရွန်နီ၊ နစ္စတယ်လ်ရွိုင်း၊ ရီနယ်ဒိုတို့ အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း အပြည့်အဝအသုံး မချနိုင်ခဲ့မှု ကြောင့် ဂိုးထပ်မံမရဘဲ ဖြစ်ခဲ့ရသည်။ ထို့အပြင် မန်ယူ တိုက်စစ်မှူးများ၏ သေချာပေါက်ကန်သွင်းမှုများလည်း ဖူလ်ဟမ်ဂိုးသမားဗန်ဒါဆာက ကာကွယ်သွားနိုင်ခဲ့ခြင်းကြောင့်လည်း မန်ယူတို့ ဂိုးပြတ်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။တစ်ဖန်ဖူလ်ဟမ်တိုက်စစ်မှူး အင်ဒီကိုးလ်၏ ဆန္ဒစောမှုကြောင့် အပိုင်ကန်သွင်းခွင့်ရသည့် အခွင့်အရေးကို ဂိုးဝင်အောင်မသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ အိမ်ကွင်း၌ သရေပွဲမဖြစ်ခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်းနှင့်အာဆင်နယ်

အသင်းလိုက်ပေါင်းစည်းမှု အားနည်းနေသော အာဆင်နယ်တို့ အဝေးကွင်း၌ နိုင်ပွဲရအောင် ကြိုးစားကစားခဲ့ရသည်။ ဘလက်ဘန်းတို့က အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ ဘလက်ဘန်းတို့၏ ထိုးဖောက်ကစားမှုကို အာဆင်နယ်က ထိန်းသိမ်းဟန့်တားပြီး ကစားခဲ့ရသည်။ ဟင်နရီ၊ ဒင်းနစ်ဘားကင့်၊ ရော်ဘတ်ပီရက်စ်တို့ မပါဝင်သည့် အာဆင်နယ်အသင်း တိုက်စစ်တွင် ဒတ်ချ်လူငယ်တိုက်စစ်မှူး ရိုဘင်ဗင်ပါဆီက ၄၃မိနစ်တွင် ဘလက်ဘန်းနောက်ခံလူများကိုဖြတ်ပြီး ဂိုးသမားဖရီဒယ်ဟန့်တားသည်ကို ကျော်ကာ ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲ အနိုင်ရရှိခဲ့ခြင်းသည် အာဆင်နယ်တို့ ယခုနှစ်၌ အဝေးကွင်းတွင် ၁၀ပွဲမြောက် အနိုင်ရရှိခြင်းဖြစ်ပြီး တန်းစီဇယားပထမနေရာ၌ ရှိနေသော ချယ်လ်ဆီးနှင့် ၁၃မှတ်ကွာနေပြီး ဒုတိယနေရာမှ မန်ယူနှင့် နှစ်မှတ်ကွာနေသည်။**(အင်တာနက်)**

အခြားပွဲရလဒ်များ

ချာလ်တန်	၁	-	၄	**ဝက်စ်ဘရွန်း**
တော့တင်ဟမ်	၂	-	၁	**မန်စီးတီး**
ဘော်တန်	၁	-	၀	**နော့ဝစ်ချ်**
ပို့စ်မောက်	၁	-	၁	**နယူးကာဆယ်**

အင်အားပြင်းမြေငလျင်လှုပ်

ရန်ကုန် မတ် ၂၀

၂၀၀၅ခုနှစ် မတ်၂၀ရက် မြန်မာစံတော်ချိန် ၈နာရီ ၃၃မိနစ် ၂၀စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၂၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၆ဒသမ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆောင်းပါးပြိုင်ပွဲ ဒုတိယဆုရ အေးသန်း (လက်ပံတန်း)၏ ဆောင်းပါးကို ကောက်နုတ်ဖော်ပြပါသည်။

လူသားတို့၏ သမိုင်းကို လေ့လာကြည့်လျှင် ကိုယ့်မိသားစုကို ကိုယ်ကာကွယ်ရသည့်သဘာဝနှင့် ကိုယ့်အသိုင်းအဝိုင်းကို ကိုယ်ကာကွယ်ရန် လိုအပ်ချက်များကြောင့် ကာကွယ်ရေးတာဝန်များအတွက် စုဖွဲ့မှုများပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့်လည်း သမိုင်းဦးကာလမှစ၍ လူမျိုးတိုင်း နိုင်ငံတိုင်းတွင် **"တပ်မတော်"** ဆိုသည်မှာ မရှိမဖြစ် လိုအပ်လာခဲ့သည်။

မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရင်း အမျိုးသားလွတ်မြောက်ရေးကို ဆောင်ရွက်ခဲ့ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအတွက် သမိုင်းပေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့သည့် အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်သည်။

"တပ်မတော်"သည် မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပြည်သူ ကြားမှ ပေါက်ဖွားလာသည့်တပ်မတော်ဖြစ်သည်။ တပ်မတော်တွင် တိုင်းရင်းသား ပြည်သူတို့၏ ရင်နှစ်သည်းချာများ ပါဝင်ခဲ့သည်။ လစာ၊ ရိက္ခာ စသည့် မည်သည့် အခွင့်အရေးကိုမျှ မမျှော်မှန်းခဲ့ဘဲ နိုင်ငံနှင့် လူမျိုးအတွက် အသက်ကိုစွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး ဖွဲ့စည်းခဲ့သည့်အတွက် "မျိုးချစ်တပ်မတော်"ဟူသော အစဉ်အလာကောင်းများဖြင့် ပြည့်စုံခဲ့သည်။

တပ်မတော်သည် ၁၉၄၅ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်တို့လက်နက်မချမီကာလအထိ အံ့မခန်းဖွယ်သော စွမ်းရည်သတ္တိတို့ဖြင့် တိုက်ပွဲပေါင်းထောင်နှင့်ချီ ဆင်နွှဲခဲ့သည်။ ဖက်ဆစ်နှစ်သောင်းကျော်အား ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီး သုံ့ပန်းများစွာ ဖမ်းဆီးနိုင်ခဲ့သည်။ ၁၉၄၅ခုနှစ် ဇူလိုင်လ၁၄ရက်မှ ဩဂုတ်လ ၁၅ရက်အထိ တစ်လအတွင်း စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲများတွင် တပ်မတော်သားတို့၏အား (၁၀)ပါး အပါအဝင်ဖြစ်သည့် စိတ်ဓာတ်ခိုင်မာမှု၊ ဇွဲသတ္တိပြည့်ဝမှု၊ စွန့်လွှတ် စွန့်စားမှုနှင့် စွမ်းရည်သတ္တိရှိမှုတို့ကို တွေ့ရှိရမည် ဖြစ်သည်။

တပ်မတော်သည် နယ်ချဲ့လက်အောက် ရောက်နေသော နိုင်ငံတော်ကို ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဘဝရောက်အောင် ကြိုးပမ်းခဲ့ရာတွင် အသက်၊သွေး၊ချွေးများစွာ ပေးဆက်၍ရှေ့တန်း စစ်မျက်နှာမှ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လများမကြာမီပင် မြန်မာ့လွတ်လပ်ရေးဆုံးရှုံးရမည့်အရေးနှင့် ကြုံတွေ့ရသည်။ အာဏာရ ဖဆပလအစိုးရအတွင်း အကွဲအပြဲများ ဖြစ်ခဲ့သည်။ ၁၉၄၈ခုနှစ် မတ်လ၂၈ရက်နေ့တွင် ဗကပတို့ တောခိုသွားခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ရဲဘော်ဖြူများ တောခိုကြပြန်သည်။ သောင်းကျန်းသူများ တစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ပုန်ကန်လာကြသည်။ ထို့ကြောင့် ကြည်း၊ ရေ၊ လေ စစ်သည်များ ပါဝင်သော မြန်မာ့တပ်မတော်သည် ပြည်သူတို့နှင့် လက်တွဲ၍ သောင်းကျန်းသူများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

၁၉၄၈ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် နတ်တလင်းမြို့အနီး ဖိုးသာအောင်ခုံးတံတားတိုက်ပွဲမှ ဗိုလ်မှူးအေးချိုနှင့် တပ်မတော်သားများ၏ စွမ်းရည်ထက်မြက်မှုနှင့် ဒိုက်ဦးစစ်မျက်နှာမှ ရဲဘော်လှသောင်း၏ ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားမှုတို့မှာ **"တပ်မတော်၏ဂုဏ်ရည်"**ကို ထွန်းပြောင်စေခဲ့သည်။

တပ်မတော်သည် အရေးကြုံတိုင်း ပြည်သူဘက်မှ အမြဲရပ်တည်ခဲ့ပြီး နိုင်ငံနှင့် လူမျိုးအပေါ် ဘယ်တော့မှ သစ္စာမဖောက်ခဲ့သည်မှာ သမိုင်းကပြောသော သစ္စာတရားပင် ဖြစ်သည်။

တပ်မတော်အနေဖြင့် ပြည်တွင်းရှိ ရောင်စုံသောင်းကျန်းသူများကို အပြင်းအထန် နှိမ်နင်းတိုက်ခိုက်နေစဉ် ၁၉၅၀ပြည့်နှစ် ဇန်နဝါရီလဆန်းတွင် ပြည်ပကျူးကျော်မှုတစ်ရပ်ဖြစ်သည့် ကေအမ်တီတရုတ်ဖြူတို့၏ ကျူးကျော်မှု ကိုလည်း တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ခြင်းမှာ **"တပ်မတော်၏ လေးစားဂုဏ်ယူဖွယ် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ပင် ဖြစ်သည်။"**

လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အာဏာကို ဆယ်နှစ်ဆယ်မိုး နည်းအမျိုးမျိုးဖြင့် ရွေးကောက်ပွဲများတွင် အနိုင်ယူပြီးအစိုးရဖွဲ့ခဲ့သည့်ဖဆပလအဖွဲ့သည် ၁၉၅၈ခုနှစ်တွင် နှစ်ခြမ်းကွဲခဲ့သည်။ဖဆပလအဖွဲ့ကြီး ပြိုကွဲလာခြင်းကြောင့် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှုများလည်း ပျက်ပြားလာစေခဲ့သည်။ အာဏာရ သန့်ရှင်း ဖဆပလသည် အားအင်ချည့်နဲ့၍ အကွဲအပြဲများလည်း ရှိနေဆဲဖြစ်သည်။ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်ရန် အခက်အခဲ ရှိသကဲ့သို့ နိုင်ငံရေး အကျပ်အတည်းများကိုပါ ရင်ဆိုင်လာခဲ့ရသဖြင့် အိမ်စောင့် အစိုးရဖွဲ့စည်းပြီး တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူထိန်းသိမ်းခဲ့ရသည်။

ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ကို ပြာပုံထဲမှ နာလန်ထူအောင်ကြိုးစားခဲ့ရသည့်ပြင် စစ်ရေးသာမက လိုအပ်လျှင် နိုင်ငံရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ရသည်။

အိမ်စောင့်အစိုးရသည် နိုင်ငံတော်၏ ယိုယွင်းပျက်ပြားနေသော နိုင်ငံရေး၊ စီးပွားရေးနှင့် မြို့ပြအုပ်ချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ပြုပြင်ဆောင်ရွက်ခဲ့သည်။ လွတ်လပ်၍ တရားမျှတသော ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲများကို ၁၉၆၀ပြည့်နှစ်တွင် ကျင်းပပေးခဲ့ပြီး အနိုင်ရရှိသော သန့်ရှင်းဖဆပလ(ပထစ)အဖွဲ့အား ထိုနှစ်ဧပြီလ၄ရက်နေ့တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့ခြင်းဖြင့် တပ်မတော်၏စေတနာမှန် ပေါ်လွင်ခဲ့သည်။

တပ်မတော်အစိုးရက ပထစအစိုးရအား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့ပြီးနောက် ပြည်တွင်းသောင်းကျန်းသူများကို ချေမှုန်းနေချိန်တွင် ပထစအစိုးရအတွင်းအုပ်စုကွဲများဖြစ်လာ၍အာဏာရပါတီအတွင်း အုပ်ချုပ်ရေးများပျက်ပြားလာခဲ့သည်။ ဤသည်ကို အခွင့်ကောင်းယူ၍ သောင်းကျန်းသူများပိုမိုထကြွလာကာ ပြည်ပအားကိုး ပဒေသရာဇ်များကလည်း ပြည်ထောင်စုကြီးကို ဖြိုခွဲရန်ကြိုးပမ်းလာကြသည်။ထို့ကြောင့် တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး ၁၉၆၂ခုနှစ် မတ်လ၂ရက်နေ့တွင် နိုင်ငံတော်ကိုတာဝန်ယူ ထိန်းသိမ်းခဲ့ရသည်။

ဤသည်မှာ တည်ငြိမ် ငြိမ်းချမ်းမှုမရှိသော နိုင်ငံရေးအခြေအနေတွင် ဒီမိုကရေစီ ဖြစ်တည်ရှင်သန်မှု မရှိနိုင်သည်သာမက လွတ်လပ်ရေးကိုပါ ထိပါးဆုံးရှုံးစေနိုင်သည်ဟူသော "သမိုင်း၏ယုတ္တိဗေဒ" ဖြစ်သည်။

တပ်မတော်သည် ၁၉၆၂ခုနှစ်မှ ၁၉၇၅ခုနှစ်ကာလများတွင် ပဲခူးရိုးမနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် သမိုင်းဝင် စစ်ဆင်ရေးကြီးများဆင်နွှဲ၍ နိုင်ငံလွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ရသည်။

သောင်းကျန်းသူများကို ချေမှုန်းရာတွင် တောတောင်ခရီးကြမ်းတမ်းခြင်း၊ ရာသီဥတုခက်ထန်ခြင်း၊ အစာငတ်ရေငတ်ခံကာ ပင်ပန်းဆင်းရဲစွာ ဒုက္ခအမျိုးမျိုးတွေ့ကြုံရခြင်း စသောအခက်အခဲများနှင့် ရင်ဆိုင်ရသော်လည်း နိုင်ငံနှင့်လူမျိုးကိုချစ်သောစိတ်ဓာတ်၊ စစ်သည်တော်ကျင့်ဝတ် စည်းကမ်းကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ကျင့်ကြံခံယူစောင့်စည်းမှု၊ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ၏တပ်မတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရမည်ဟူသော သစ္စာတရားစောင့်ထိန်းမှု၊ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသော စွမ်းရည်သုံးရပ် ထက်မြက်နေမှုတို့ကြောင့် အောင်ပွဲများရရှိခဲ့ခြင်းဖြစ်သည်။

၁၉၇၁ခုနှစ် ဟိုက်ကမ်းပါးတိုက်ပွဲ၊ ၁၉၇၇ခုနှစ် ကွမ်းလုံ ရက်၄၀တိုက်ပွဲ၊ ချူးရွှေ-ပန်ကောက်တိုက်ပွဲများ၊ ၁၉၇၈ခုနှစ်မတ်လတွင် တန့်ယန်းဒေသအတွင်း ဆင်နွှဲခဲ့သည့် ပွိုင့်၆၀၄၁စခန်းတိုက်ပွဲ၊ ၁၉၈၆-၈၇ခုနှစ်အတွင်း ဆင်နွှဲခဲ့သည့် စီစီဝမ်-တာပန်တိုက်ပွဲများတွင် **"တပ်မတော်သည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ကာကွယ်ရေးကို မွေးရာပါတာဝန်အဖြစ် ခံယူထားကြောင်း ပေါ်လွင်ခဲ့သည်။ ထိုခံယူချက်ကို တပ်မတော်၏အစဉ်အလာကောင်း(၁၂)ရပ်ဖြင့် ပေါင်းစပ်တိုက်ပွဲဝင်ခဲ့သဖြင့် အောင်ပွဲများရရှိခဲ့ခြင်း ဖြစ်သည်။"**

မြန်မာ့သမိုင်း၏ အရိုင်းဆုံး အမှောင်ဆုံးကာလဖြစ်သော ရှစ်လေးလုံးကာလတွင် မင်းမဲ့စရိုက်ဖြင့် တစ်တိုင်းပြည်လုံး မီးဟုန်းဟုန်းတောက်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ ဆုံးရှုံးရမည့်အဖြစ်ဆိုးကြီးကို ကြုံတွေ့ရပြန်သည်။ ပြည်သူ့ဘက်မှအစဉ်ရပ်တည်ခဲ့သော တပ်မတော်သည် ၁၉၈၈ခုနှစ်စက်တင်ဘာလ၁၈ရက်နေ့မှစ၍ နိုင်ငံတော်ကို အချိန်မီ တာဝန်ယူထိန်းသိမ်းခဲ့ရသည်။

တပ်မတော်အစိုးရသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် **"ဒို့တာဝန်အရေးသုံးပါး"**ကို ဦးထိပ်ထား၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၈၉ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ မရှိဖူးသေးသောစီမံကိန်းဖြစ်သည်။ခေတ်အဆက်ဆက် မြန်မာအစိုးရတို့ မအောင်မြင်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အထူး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်းဝင်ရောက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် ၁၉၉၃ခုနှစ်မှစ၍ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့သည်။ ပြည်သူလူထုအတွင်း နိုင်ငံရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်များ အမြဲရှင်သန်နေစေရန် ရည်ရွယ်၍ ၁၉၉၃ခုနှစ်စက်တင်ဘာလ ၁၅ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် ဖွဲ့စည်းပေးခဲ့သည်။

၁၉၉၄ခုနှစ် စက်တင်ဘာလ ၁၀ရက်နေ့တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကာကွယ်တားဆီးရေး ဗဟိုအဖွဲ့ကိုဖွဲ့စည်း၍ မြန်မာတစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ထိရောက်စွာဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေးများစွာကို ပေးဆပ်စွန့်လှူခဲ့ရသည်။

"ပြည်သူကြားက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုးအတွက် အဖျက်ရန်ဟူသမျှကို ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် လေ့ခွက်ချည်းကျန်အလံမလှဲ အစဉ်တိုက်ပွဲဝင်နေမည်ဖြစ်သည်။ ဤသည်မှာ တပ်မတော်၏ အစဉ်မပြောင်းလဲသော သံမဏိစိတ်ဓာတ်ပင် ဖြစ်သည်။"

တပ်မတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်နှင့်အညီ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးကာ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်များဖြင့် ဦးတည်ဖော်ဆောင်ခဲ့သည်။ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံအတွက် အခြေခံကျသော ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ လုပ်ငန်းစဉ်ကြီး(၅)ရပ်ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။

"တပ်မတော်"အစိုးရသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် ဧရိယာဧက ၄၅သန်းရှိရာ သန်း ၃၀ခန့်ထိ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ပါဝင်ထမ်းဆောင်ခဲ့သဖြင့် ယခုအခါ နယ်စပ်ဒေသအပါအဝင် နိုင်ငံနှင့်အဝန်းဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

"ရဲဘော်တို့ဟာ နိုင်ငံတော် နိုင်ငံသားနဲ့ တပ်မတော်အတွက် သစ္စာလေး ချက်ကို ခိုင်ကျည်စွာ စောင့်သိရိုသေကြသူတွေဖြစ်တယ်၊ ဒါ့ကြောင့် နိုင်ငံ တော်ကို တစ်ဖက်ကကာကွယ်စောင့်ရှောက်သလို ဘယ်ခေတ် ဘယ် အခါပဲရောက်ရောက် နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ကြရမယ်"

ဟု နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၇)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းတွင် လမ်းညွှန် မိန့်ကြားခဲ့သည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁၉၈၈ခုနှစ်မှ ယနေ့အထိ အချိန်တိုကာလအတွင်း နိုင်ငံနှင့်လူမျိုးအတွက် တပ်မတော်၏ အမျိုးသားနိုင်ငံရေးဆောင်ရွက်မှုများမှာ တစ်ခေတ်တစ်ခါဆိုသလို ရင်သပ်ရှုမော အံ့ဩလောက်အောင် တိုးတက်စွမ်းဆောင်ခဲ့သည်။

အထူးသဖြင့် တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ယနေ့တပ်မတော်၏ ဂုဏ်သိက္ခာနှင့် အစဉ်အလာသည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားတို့၏ အကျိုးစီးပွားကို ခေတ်အဆက်ဆက် ကာကွယ် ဖော်ဆောင်လျက်ရှိသည်မှာ မြန်မာနိုင်ငံ၏ **"အမျိုးသား နိုင်ငံရေး သမိုင်း"** တွင် အစဉ်အလာကောင်းများအဖြစ် မှတ်ကျောက်တင်ခံနိုင်ခဲ့သည်။

ထို့ကြောင့် တပ်မတော်အပေါ် မည်သည့်နယ်ချဲ့လက်သစ်ဝါဒီ၊ မည်သည့်နယ်ချဲ့ဩဇာခံ ပြည်ပအသံလွှင့်ဌာနများက မည်သို့ပင်အမှန်တရားကို မျက်ကွယ်ပြု၍ မဟုတ်မမှန်ဇာတ်လမ်းများကို လုပ်ကြံဖန်တီးနေစေကာမူ ခေတ် အဆက်ဆက် ပြည်သူ့ဘက်က အစဉ်ရပ်တည်ခဲ့သော တပ်မတော်၏ လုပ်ရပ်တို့ကား မည်သို့မျှဖုံးကွယ်၍မရနိုင်ပါချေ။ ကြည်လင်သောအသိနှင့် ကြည့်တတ်လျှင် မြင်နိုင်မည်ဖြစ်သည်။

ဤသို့ ဖက်ဆစ်တော်လှန်ရေးကာလမှ အစပြုခဲ့သည့် တပ်မတော်၏အမျိုးသားနိုင်ငံရေးအစဉ်အလာကောင်းများသည် ၂၀၀၅ခုနှစ် မတ်လ၂၇ရက်နေ့တွင် နှစ်(၆၀)ပြည့်မြောက်လာပြီ ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်သည် စတင်မွေးဖွားသည့်အချိန်မှ နှစ်(၆၀)ကာလအတွင်း ထွန်းပြောင်လာခဲ့သော**"အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ"**နှင့်အတူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့် ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေပြီဖြစ်သည်။ ဤကဲ့သို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် တပ်မတော်သည် တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲမပျက် ဆက်လက် ပါဝင်ချီတက်နေဦးမည်မှာ အမှန်ပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည် ။ ။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ငယ်ဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ၆ရက်က ကျင်းပရာ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်ကိုဝင်း၊ ဈေးမိ ဈေးဖများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီဈေးနှင့် သုံးဆယ်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(အခွန်) ဦးဌေးလွင်နှင့် ဈေးဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ ပူးပေါင်း၍ လက်တွေ့သရုပ်ပြ လေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

ကျောင်းသားမိဘများအနေဖြင့် သား၊ သမီးများအား အင်ဂျင်နီယာများနှင့် ကွန်ပျူတာပညာရှင်များ ဖြစ်စေလိုလျှင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်/ သိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၅ရက်တွင် စတင်ဖွင့်လှစ်မည့် အခြေခံကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ဆက်သွယ်အပ်နှံနိုင်ပါသည်။

၁။ အဆိုပါသင်တန်းသို့ ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်း တက်ရောက်၍ ပထမလေးလသင်တန်း အောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှု လက်မှတ် ချီးမြှင့်ပေးမည်။

၃။ ပထမ လေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်သူများအား ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလ သင်တန်းအောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ် ချီးမြှင့်ပေးမည့်အပြင် အစိုးရနည်းပညာ ကောလိပ်/ သိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် အခြေခံကျွမ်းကျင်မှုသင်တန်းတွင် သင်ယူခဲ့သည့် ဘာသာရပ်အတိုင်း ပထမနှစ်သင်တန်းသို့ ဆက်လက်တက်ရောက် ခွင့်ပြုမည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်/သိပ္ပံများနှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့တွင် စုံစမ်းနိုင်ပါသည်။

ဈေးနှုန်းချိုသာသော မြေကွက်များ အမြန်ရောင်းမည်

၁။ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၊ မြေနံပါတ်(15/C)၊ ကုက္ကိုင်းရိပ်သာလမ်းတွင် (60'x95') ကျယ်ဝန်းသော ရေ၊ မီး၊ ဖုန်းပါဝင်သော ဘိုးဘွားပိုင်မြေကွက်၊ အုတ်တံတိုင်း လေးဘက်ခတ်ပြီး၊ မြေဂရိတ်တံခါးတပ်ပြီး။

၂။ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သာယာအေးလမ်းသွယ်(၃)၊ မြေအမှတ်(၃ခ)၊ (ပေ ၁၀၀ X ပေ၁၀၀)၊ ဂျိုးဖြူရေပါဝင်သော ဘိုးဘွားပိုင်မြေ၊ အုတ်တံတိုင်းလေးဘက်ကာပြီး၊ ဂိတ်တံခါးတပ်ပြီး။

ဆက်သွယ်ရန်ဖုန်း-၃၇၂၆၆၀၊ ၀၉-၅၀-၀၀၃၀၅၊ ၀၉-၉၉-၂၀၇၅၄၊ ၀၉-၅၁-၁၃၈၆၄၊ ၀၉-၉၉-၂၀၁၅၈။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂၃၁

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စားလက်ထောက်အထွေထွေမန်နေဂျာ ဒေါ်သန်းသန်းနု) **နှင့်** ၁။ ဒေါ်မြသီတာ ၂။ ဦးခင်မောင်ရင်

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်ဒေါ်မြသီတာနှင့် ဦးခင်မောင်ရင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

လူကြီးမင်းတို့အပေါ် တရားလို မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်က ဘဏ်ချေးငွေအတွက် အပေါင်ဒီကရီရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ လူကြီးမင်းတို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ လူကြီးမင်းတို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၅ခုနှစ် ဧပြီလ ၁၁ရက်၊ မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤတိုင်းတရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် လူကြီးမင်းတို့ သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် လူကြီးမင်းတို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် လူကြီးမင်းတို့၏ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၅ခုနှစ် မတ်လ ၁၁ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ညွှန့်
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝိစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ ဦးချစ်ဆွေ၊ အမှတ်(၃၈၆)၊ ကံဦးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊
တူးဖော်မည့်နေရာ/ဦးပိုင်အမှတ် ၃၆၀
အကွက်အမှတ် လေးဒေါင့်ကန်

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝိစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ ဦးလှမြင့် အမှတ်(၁၄၄၀/ခ)၊သလ္လာဝတီ(၂) လမ်း၊၁၀/တောင်ရပ်ကွက်၊သာကေတမြို့နယ်။
တူးဖော်မည့်နေရာ/ဦးပိုင်အမှတ် ၁၄၄၀/က
အကွက်အမှတ် ၁၀/တောင် သာကေတ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာသို့ တင်ပို့ပြသနိုင်ရေး ဦးတည် စင်ကာပူနိုင်ငံသို့ ဇာတ်ကားခြောက်ကား သွားရောက်ပြသနိုင်မည်

မောင်ဆွေထွန်း

ရန်ကုန် မတ် ၂၀

မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာသို့ တင်ပို့ပြသနိုင်ရေးဦးတည်လျက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏အစီအစဉ်ဖြင့် မကြာမီအတွင်း စင်ကာပူနိုင်ငံသို့ မြန်မာရုပ်ရှင်ဇာတ်ကားခြောက်ကား သွားရောက်ပြသနိုင်မည်ဟု သိရသည်။

ထိုဇာတ်ကားများမှာ ဒါရိုက်တာ ကြည်စိုးထွန်းရိုက်ကူး၍ ရန်အောင်၊ ကျော်ရဲအောင်နှင့် မျိုးသန္တာထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **ပေးဆပ်သူတို့ နှလုံးသား** ဇာတ်ကား။ ဒါရိုက်တာ မီးပွားရိုက်ကူး၍ လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် **တစ်ခါက ရောဝတီညများ** ဇာတ်ကား။ လူမင်း ရိုက်ကူး၍ ညွှန့်ဝင်း၊ လူမင်း၊ အောင်ခိုင်၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာနှင့် ပန်းဖြူတို့ ပါဝင် သရုပ်ဆောင်ထားသည့် **မင်းကျန်စစ်** ဇာတ်ကား။ စင်ရော်မောင်မောင် ရိုက်ကူး၍ လွင်မိုး၊ လူမင်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသည့် **လျှို့ဝှက်သောနှင်း** ဇာတ်ကား။ ကြည်စိုးထွန်းရိုက်ကူး၍ ရန်အောင်၊ ကျော်သူ၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသည့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကား။ မောင်တင်ဦးရိုက်ကူး၍ နေအောင်၊ ဇင်ဝိုင်း၊ မေသန်းနုနှင့် ခင်သန်းနုတို့ ပါဝင် သရုပ်ဆောင် ထားကြသည့် **သင်္ကြန်မိုး** ဇာတ်ကားတို့ ဖြစ်ကြသည်။

ထိုဇာတ်ကားများမှာ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့အားမာန်နှင့် ရိုးရာယဉ်ကျေးမှုသရုပ်ဖော်ဇာတ်ကားများ ဖြစ်၍ စင်ကာပူ၌ ဧပြီလအတွင်း ရက်သတ္တတစ်ပတ်ခန့် မြန်မာ့ရုပ်ရှင်ပွဲတော်အဖြစ် ပြသမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စင်ကာပူရုပ်ရှင်ရုံပွဲတော်သို့ သွားရောက်ပြသမည့် 'ပေးဆပ်သူတို့နှလုံးသား' ဇာတ်ကားမှ ရန်အောင်နှင့် မျိုးသန္တာထွန်းတို့၏ သရုပ်ဆောင်ဟန်။

ရုံတင်ပြသဆဲ 'လရောင်နမ်းတဲ့ အလွမ်းသစ်ပင်' ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

လရောင်နမ်းတဲ့ အလွမ်းသစ်ပင်

ရန်ကုန် မတ် ၂၀

ဒါရိုက်တာစင်ရော်မောင်မောင်က ဂျပန်နိုင်ငံရှုခင်းများကို နောက်ခံထား၍ ရိုက်ကူးခဲ့သော အင်္ဂလိပ်စကားပြော၊ မြန်မာစာတမ်းထိုး **လရောင်နမ်းတဲ့အလွမ်းသစ်ပင်** ဇာတ်ကားမှာ နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများ၌ ယခုအပတ် မတ် ၁၈ရက်မှစ၍ တင်ဆက်ပြသနေသည်။

ထိုဇာတ်ကား၌ ဂျပန်သရုပ်ဆောင် ဟီချီတာနာဂါဆုကာ၊ ထွန်းအိန္ဒြာဗို၊ ညွှန့်ဝင်း၊ နှင်းဆီ၊ ခင်မောင်တိုး၊ ရင်ဂိုနှင့် ဥက္ကာမင်းမောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ **(မြန်မာ့အလင်း)**

မာလိန်မှူးထူးစိန် မကြာမီရုံတင်ပြသမည်

ရန်ကုန် မတ် ၂၀

ထားဝယ်ရုပ်ရှင်မှ စာရေးဆရာမင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးသည့် **မာလိန်မှူးထူးစိန်** မကြာမီရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။

မာလိန်မှူးထူးစိန် ဇာတ်ကားတွင် ညွှန့်ဝင်း၊ ကျော်သူ၊ ကျော်ရဲအောင်၊ လှအဥ္စလီတင့်နှင့် ပုလဲဝင်းတို့ သရုပ်ဆောင်ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

တိုက်မောင်းသံလား ကြိုးကြာလား ဇာတ်ကား

ရန်ကုန် မတ် ၂၀

ဝါဝါဝင်းရွှေရုပ်ရှင်မှ **တိုက်မောင်းသံလား ကြိုးကြာလား** ဇာတ်ကားကို မကြာမီက မန္တလေးသို့ သွားရောက်၍ မန္တလေး၊ ပြင်ဦးလွင်ကြားရှုခင်းများနှင့် ဒုဋ္ဌဝတီမြစ်ကို နောက်ခံထားပြီး ရိုက်ကူးခဲ့သည်။

ထိုဇာတ်ကားမှာ ၁၉၅၀ပြည့်နှစ်ကို နောက်ခံထားရိုက်ကူးသော မိဘမေတ္တာဘွဲ့ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် ကျော်ရဲအောင်၊ ဝါဝါဝင်းရွှေ၊ ဝါဇင်၊ ခိုင်သင်းကြည်နှင့် အောင်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

(မြန်မာ့အလင်း)

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်နေရသောပြဿနာမျိုးမဟုတ် ကမ္ဘာ့နိုင်ငံတိုင်းနှင့်သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသောပြဿနာဖြစ်

၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် မြန်မာနိုင်ငံဖြစ်ပေါ်ရေးကို ကိုယ်ပိုင်အစီအစဉ်များချမှတ် ကမ္ဘာ့မိသားစုဝင်နိုင်ငံတိုင်းက ဖြူစင်မွန်မြတ်သည့်စေတနာဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်အရေးကြီး

ရန်ကုန် မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် လားရှိုးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။ ***စာမျက်နှာ ၅ ကော်လံ ၁*** ✳

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဥ္စမအကြိမ်မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိန့်ခွန်းပြောကြားစဉ်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏တရားမဝင်ဘိန်းစိုက်ပျိုးမှုအခြေအနေမှန်သိရှိရေး မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းပြီး ဘိန်းအထွက်နှုန်းတိုင်းတာရာ သိသိသာသာကျဆင်း

- ❒ ၁၉၉၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ (၁၀)ကြိမ်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယင်းတိုင်းတာချက်များအရ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၃ခုနှစ်ကထက် ၃၄ရာခိုင်နှုန်းကျဆင်းသွား၊ ၂၀၀၄ခုနှစ် ဘိန်းထုတ်လုပ်မှုမှာ ၂၀၀၃ခုနှစ် ကထက် ၄၀ရာခိုင်နှုန်းကျဆင်းခဲ့။
- ❒ လွန်ခဲ့သောရှစ်နှစ်က ဘိန်းထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက ၈၉ရာခိုင်နှုန်းကျဆင်းသွားကြောင်း အမေရိကန်နိုင်ငံအစိုးရ၏ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာအစီရင်ခံစာတွင် ဖော်ပြထား။
- ❒ အလားတူ မြန်မာနိုင်ငံသည် UNODC နှင့်ပူးပေါင်းပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို ၂၀၀၂ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေသည် နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိသည်ကိုတွေ့ရ၊ ၂၀၀၃ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၀၄ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုဧရိယာ ၂၉ရာခိုင်နှုန်း ကျဆင်းသွားကြောင်းနှင့် ဘိန်းထုတ်လုပ်မှုမှာ ၅၄ရာခိုင်နှုန်းကျဆင်းသွားကြောင်း UNODC ၏ အစီရင်ခံစာတွင်ဖော်ပြထား။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့်ဘိန်းမျိုးစေ့များ ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို လားရှိုးမြို့ ပြည်သူ့အားကစားကွင်းတွင်ကျင်းပစဉ်။ **(သတင်းစဉ်)**